# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (22-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၃)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၃)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၁**

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ➪




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ရေနေ့နှင့် အဖိုးတန်ရေသယံဇာတ

ကမ္ဘာပေါ်ရှိ သတ္တဝါများနှင့် အပင်များအတွက် ရေသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ လူသားတိုင်းအတွက် သောက်သုံးနိုင်သည့် ရေရရှိရေးသည် တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်သည်။ ရေသည် သက်ရှိအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်ရေသယံဇာတဖြစ်သည်။

လူသားများနေထိုင်ရာကမ္ဘာတွင် ကုန်းမြေဧရိယာနှင့် ရေပြင်ဧရိယာတို့ရှိသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းနေပြီး ထိုရေများ၏ ၉၇ ရာခိုင်နှုန်းသည် ရေငန်များဖြစ်ကာ ကျန်သုံးရာခိုင်နှုန်းခန့်သည် ရေချိုများဖြစ်သည်ဟု ရေသယံဇာတစိစစ်ရေးအဖွဲ့က ဆိုသည်။ ကမ္ဘာပေါ်ရှိ ရေချိုသယံဇာတအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်သည် တောင်တန်းများမှရရှိပြီး ထိုတောင်တန်းများသည် ကမ္ဘာ့ရေချိုသယံဇာတများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ထိန်းသိမ်းထားသည်။ ကမ္ဘာပေါ်ရှိ မြစ်ချောင်းများအားလုံးနီးပါးသည် တောင်တန်းဒေသများမှ မြစ်ဖျားခံပြီး စတင်ဖြစ်ပေါ်လာသည်။

ယနေ့ ကမ္ဘာပေါ်၌ မှီတင်းနေထိုင်ကြသော လူသားများသည် နေ့စဉ်ဘဝလိုအပ်ချက်အရ ရေချိုသုံးစွဲကြရာတွင် တိုးပွားလာသောလူဦးရေနှင့်အတူ သုံးစွဲမှုပမာဏလည်း များပြားလာသည်။ ထို့ကြောင့် ကမ္ဘာမြေအောက်ရေလွှာများမှ ရေချိုရရှိရန် ကြိုးပမ်းလျက်ရှိပြီး ရေအလွန်အကျွံထုတ်ယူသုံးစွဲမှုများ ပြုလုပ်နေကြသည်။ ထိုသို့ ထုတ်ယူသုံးစွဲမှုကြောင့် ရေချိုအရင်းအမြစ်များနည်းပါးလာခြင်းဖြစ်ကြောင်း ရေအရင်းအမြစ်သုတေသနပြုနေကြသူများက အတည်ပြုထားသည်။

မတ် ၂၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားကို အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကကြီးမှူးပြီး ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်ထိ ခြောက်ကြိမ်တိုင်အောင် နှစ်စဉ်ကျင်းပခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များကို စီမံဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

ကမ္ဘာ့လုပ်သားဦးရေ၏ တစ်ဝက်နီးပါးဖြစ်သည့် ၁ ဒသမ ၅ သန်းခန့်သောလူများသည် ရေနှင့်ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသူများအပြင် ရေထွက်ပစ္စည်းရောင်းဝယ်မှုလုပ်ငန်းများတွင် မှီခိုလုပ်ကိုင်နေသူများ၊ ရေထွက်ပစ္စည်းများ ဖြန့်ဖြူးရေးတွင်လုပ်ကိုင်သူများဖြစ်ကြောင်း တွေ့ရသည်။ သို့သော် ရေနှင့်ပတ်သက်ပြီး လုပ်ငန်းလုပ်ကိုင်နေသည့် သန်းပေါင်းများစွာသောလူများသည် ရေအရင်းအမြစ်၏သန့်ရှင်းမှုနှင့် အန္တရာယ်ကင်းမှုများကို အသိအမှတ်ပြုပြီး ကာကွယ်ထိန်းသိမ်းမှုများ မရှိသလောက်နည်းပါးသည်။ အနာဂတ်ကမ္ဘာကြီး သာယာလှပရန်အတွက် သဘာဝ၏လက်ဆောင်ဖြစ်သော ရေချိုများကို လေလွင့်မှုမရှိအောင် ကာကွယ်ထိန်းသိမ်းပြီး စနစ်တကျစည်းကမ်းရှိစွာ သုံးစွဲကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာပြီး သာယာချမ်းမြေ့သော လူ့ဘောင်တစ်ခုဖြစ်စေရန် ရေသယံဇာတများကို တန်ဖိုးထားကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ပြီး ရေနှင့် ကျန်းမာသန့်ရှင်းမှုတိုးတက်ကောင်းမွန်ရေးအားလုံးအရှိန်အဟုန်မြှင့် ရှေ့သို့ကြိုးပမ်းပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြို ၇ ရက်နှင့် ၈ ရက်တွင် မန္တလေး-ရန်ကုန်-မန္တလေး လေအိတ်တွဲဆိုင်းအထူးရထား ထပ်တိုးပြေးဆွဲပေးသွားမည်



**မန္တလေး မတ် ၂၁**

မြန်မာ့ရိုးရာသင်္ကြန်ကာလရောက်ရှိတော့မည်ဖြစ်၍ ခရီးသွားမည့်သူများ များပြားမည်ဖြစ်သည့်အတွက် သင်္ကြန်မတိုင်မီ ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် မန္တလေး-ရန်ကုန်-မန္တလေး လေအိတ်တွဲဆိုင်းအထူးရထား ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မန္တလေးဘူတာကြီးမှ တာဝန်ခံအရာရှိ ဦးသိန်းက ပြောပြ၍ သိရသည်။

ခရီးသွားများအတွက် သင်္ကြန်ကာလမတိုင်မီ ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လေအိတ်တွဲဆိုင်းအထူးရထားကို ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လေအိတ်တွဲဆိုင်း အထူးရထားတွင် ရိုးရိုးတန်းတွဲခြောက်တွဲ၊ အထက်တန်းတွဲ ခြောက်တွဲနှင့် ဘရိတ်တွဲဟူ၍ စုစုပေါင်း ၁၃ တွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားပြည်သူတွေ အသွားအလာများမှာ ဖြစ်တဲ့အတွက် သင်္ကြန်မတိုင်ခင် ဧပြီ ၇ ရက်နဲ့ ၈ ရက်မှာ လေအိတ်တွဲဆိုင်းအထူးရထားအနေနဲ့ ထပ်တိုးပြေးဆွဲပေးသွားမှာပါ။ ခရီးသွားပြည်သူတွေ သင်္ကြန်ကာလမတိုင်မီ သွားလာရေး အဆင်ပြေစေဖို့အတွက် ပြေးဆွဲဆောင်ရွက်ပေးသွားမှာပါ။ မန္တလေး-ရန်ကုန်နဲ့ ရန်ကုန်-မန္တလေး လေအိတ်တွဲဆိုင်းအထူးရထားပြေးဆွဲသွားမှာပါ။ သင်္ကြန်ကာလအတွင်းမှာ နားမှာပါ"ဟု ဦးသိန်းက ပြောပြသည်။

ထိုသို့ ပြေးဆွဲပေးရာတွင် ရန်ကုန်-မန္တလေး အထူးရထားသည် ရန်ကုန်မြို့မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးမြို့သို့ နောက်တစ်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေး-ရန်ကုန် အထူးရထားသည် မန္တလေးမြို့မှ ညနေ ၆ နာရီ မိနစ် ၃၀ တွင် ထွက်ခွာ၍ ရန်ကုန်မြို့သို့ နောက်တစ်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# သင်္ကြန်ကာလတွင် မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော်ဘက်သို့ ကုန်စည်များ ပုံမှန်အတိုင်းတင်ပို့သွားမည်

**မန္တလေး မတ် ၂၁**

သင်္ကြန်ကာလတွင် မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော်ဘက်သို့ ကုန်စည်များ ပုံမှန်အတိုင်း တင်ပို့သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

သင်္ကြန်ကာလတွင် မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့တင်ပို့မည့် ဆန်၊ ဆီ၊ ကြက်သွန်၊ ငရုတ်၊ အာလူး စသည့်ကုန်စည်အမျိုးမျိုးကို ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀ ကျော်ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလက နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်တာကြောင့် စက်ရုံ၊ အလုပ်ရုံတွေတချို့နဲ့ အခြားကုန်ပစ္စည်းအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေလဲ အရောင်းအဝယ်ကိစ္စ၊ လုပ်ငန်းကိစ္စတွေ ခေတ္တယာယီရပ်ထားကြတယ်။ အချို့လုပ်ငန်းရှင်တွေကလဲ လုပ်ငန်းကိုမရပ်ဘဲ ဆန်၊ ဆီ၊ ငရုတ် စတဲ့ကုန်စည်တွေကို မရမ်းခြံဆိပ်ကမ်းကနေ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စတဲ့မြို့တွေကို တင်ပို့ကြတာတွေ ရှိပါတယ်"ဟု ဦးဝင်းမောင်က ဆက်လက်ပြောပြသည်။

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့ သင်္ကြန်ကာလတွင် ပို့ကုန်များရှိမည်ဖြစ်သောကြောင့် ကုန်စည်တင်ပို့မည့်လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀ ကျော်ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ် စသည့်ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်တင်သင်္ဘောအစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# သရက်သီးအကင်းများ ဈေးကွက်အတွင်း ရောင်းအားကောင်းနေ

**မန္တလေး မတ် ၂၁**

ယခုအခါ စိမ်းစားသရက်သီးအကင်းများ ရာသီစာသီးနှံအဖြစ် ဒေသစုံမှထွက်ရှိလာပြီး ဈေးကွက်အတွင်း ရောင်းအားကောင်းနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ သရက်သီးအကင်းများသည် မတ်လဆန်းပိုင်းမှ စတင်ထွက်ရှိလာပြီး ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကာ ရောင်းအားကောင်းနေကြောင်း၊ လက်ကားဈေးအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ထိ ဈေးရှိပြီး အရောင်းသွက်နေကြောင်း သိရသည်။

"သရက်သီးအကင်းဈေးကွက်က ရှိပြီးသားပါ။ အခုကာလမှာ ရာသီစာအဖြစ် သရက်သီးအကင်းတွေကို စားကြတဲ့အချိန်ဖြစ်တဲ့အတွက် ဈေးကောင်းရနေပါတယ်။ သရက်သီးအကင်းကို ပိဿာချိန်နဲ့ ရောင်းကြပါတယ်။ ပိဿာချိန်နဲ့က လက်ကားဈေး တစ်ပိဿာကို ငွေကျပ် ၄၀၀၀၊ ၅၀၀၀ ထိ ဈေးရှိပါတယ်။ သရက်သီးအကင်းဈေးကွက်က သုံးလုံးတစ်တောင်သီးတို့၊ ဒေသထွက် အကြမ်းသီးတွေကို သီးကင်းမှာ သုံးတာများပါတယ်။ စားကြတာများပြီးတော့ အရောင်းသွက်နေတယ်။ ဈေးကွက်လဲကောင်းနေပါတယ်။ နှစ်စဉ် သရက်သီးအကင်းအတွက် သီးသန့်စိုက်ထားတဲ့အပင်တွေရှိပါတယ်"ဟု မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ သရက်သီးအကင်းများသည် ဈေးကွက်အတွင်းသို့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ စိုက်ပျိုးထွက်ရှိပြီး ဝင်ရောက်လာကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တံတားဦး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘလဲ့ဘကျေးရွာနှင့်စစ်ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ငွေစာရင်းပုံစံများစနစ်တကျပြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘလဲ့ဘကျေးရွာ၊ စစ်ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂၁၅၀၀၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး ၆၂ လမ်း၊ ၂၀ လမ်းနှင့် ၂၁ လမ်းကြားနေ ကျန်ရစ်သူ သား၊ သမီး၊ မြေးမိသားစုက မိဘနှစ်ပါးအားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၀၀၀၀ ထိ ဈေးကောင်းရရှိ



**ငပုတော မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက်နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးအောင်ကျော်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလက နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိသာဈေးရှိခဲ့ပြီး မတ် ၁ ရက်မှ ယနေ့ထိ နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၀၀၀၀ ထိ ဈေးကောင်းရရှိကြောင်း၊ အဆိုပါဒေသတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဆားလုပ်ကွက်များအတွင်း ရေများဝင်ရောက်ပြီး ပျက်စီးမှုရှိခဲ့သည့်အတွက် ဆားအထွက်နည်းကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

“အခုနှစ်ဆားတွေ အထွက်နှုန်းလျော့ကျနေတယ်။ ဒါကလဲ အချိန်အခါမဟုတ် ရွာတဲ့မိုးဒဏ်ကြောင့် ဆားကွင်းတွေထဲ ရေတွေဝင်လို့ ပျက်စီးတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဆားအထွက်နှုန်း လျော့ကျပြီး အခုလို ဈေးကောင်းရနေတာပါ။ ပုံမှန်တင်ပို့နေကျဆားဝယ်လက်တွေဘက်ကလဲ အရင်ကထက် ဝယ်ကုန်များနေပါတယ်။ ဒါ့ပြင် အခုနှစ် ပြည်ပကိုလဲ ဆားတွေ ပြန်လည်တင်ပို့ရောင်းချနေရတာကြောင့်လဲ ဆားဈေးက ဈေးကောင်းနေတာပါ။ ဒေသထွက်ဆားတွေကို ဝယ်လက်တွေကြိုက်တယ်။ ဆားတွေကို ဒေသမှာပဲ စနစ်တကျချက်လုပ်ပြီးမှ တင်ပို့ရောင်းချတာပါ။ အဓိကတင်ပို့ရောင်းချနေတာက ရန်ကုန်မြို့ကိုပါ။ ရန်ကုန်မြို့က တစ်ဆင့် ပြည်ပနိုင်ငံတွေကို တင်ပို့ပါတယ်”ဟု ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးအောင်ကျော်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ငပုတောမြို့နယ်မှ ဆားလုပ်ငန်းရှင်များက စနစ်ကျချက်လုပ်ပြီး ရန်ကုန်မြို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ ပြန်လည် တင်ပို့ရောင်းချလျက်ရှိကြောင်း ငပုတောမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးအောင်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဇီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဘောက်ခွေးတောကျေးရွာအုပ်စု ဇီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဇီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဇီးဖြူကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၄၀ ကို ငွေကျပ် ၃၁ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေတိုင်းတာခြင်းဆောင်ရွက်


**ကော့ကရိတ် မတ် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဖလွတ်ကျေးရွာနှင့် ကော့ကမာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြေတိုင်းတာခြင်းဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကော့ဖလွတ်ကျေးရွာနှင့် ကော့ကမာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေးအတွက် လမ်းအရှည်ပေ၊ အကျယ်၊ သတ်မှတ်ထားသည့်စံနှုန်းများ၊ မြေပြင်အခြေအနေကိုက်ညီမှု၊ ရှိ၊ မရှိနှင့် ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်ရေးအတွက် မြေပြင်အနိမ့်အမြင့်တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှု၊ မြေနေရာရရှိနိုင်မှု၊ ရေပြွန်နှင့် တံတားလိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော့ဖလွတ်ကျေးရွာနှင့် ကော့ကမာကျေးရွာတို့၌ ကုန်ထုတ်လမ်းဖောက်လုပ်ရန် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပေးမည်ဆိုပါက အဆိုပါကျေးရွာတို့ရှိ လယ်ဧက ၅၀၀ ကျော်မှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ရာသီမရွေးဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့နိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့ထံမှ သိရသည်။

**အေးမြတ်**



# ယဉ်ကျေးမှုမှတ်တမ်း အမျိုးသားပြတိုက်(ရန်ကုန်)

## မောင်သာ (ရှေးဟောင်းသုတေသန)

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်တစ်ခု မဖြစ်သေးသော်လည်း ရန်ကုန်မြို့တွင် ပြည်တွင်း၊ပြည်ပသုတေသီများနှင့် ကျောင်းသား၊ ကျောင်းသူများ အများဆုံးသွားရောက်လေ့လာလေ့ရှိသည့် နေရာတစ်ခုသည် အမျိုးသားပြတိုက်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ရန်ကုန်မြို့၌ အမျိုးသားပြတိုက်တစ်ခုကိုဖွင့်လှစ်ခဲ့ပြီး နေရာသုံးနေရာပြောင်းရွှေ့ခဲ့ကာ လက်ရှိအမျိုးသားပြတိုက်သည် နောက်ဆုံးပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည့် ပြတိုက်ဖြစ်သည်။

**အမျိုးသားပြတိုက်အစ**

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက် များစွာသော မြန်မာ့နန်းသုံးတော်ဝင်ပစ္စည်းများသည် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားခဲ့သည်။ ၎င်းတို့အနက် မြန်မာဘုရင်များ၏ တော်ဝင်နန်းသုံးပစ္စည်းတစ်ခုဖြစ်သည့်သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ယူဆောင်ပြီး ကာလကတ္တားပြတိုက်တွင်ထားရှိခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသောအခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့်ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင်ဂျော့ထံ အကြံပြုခဲ့သည်။ ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် မတ် ၁၂ ရက်တွင် လော့ဒ်မောင့်ဘက်တန်သည် မြန်မာနိုင်ငံသမ္မတ စဝ်ရွှေသိုက်ထံ သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့တရားဝင်လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က ပြတိုက်အဆောက်အအုံ မရှိသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်တွင်ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ ထို့ကြောင့် ဂျူဗလီခန်းမသည် မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသားပြတိုက်ဖြစ်ခဲ့ကာ သီဟာသနပလ္လင်နှင့် ရှေးဟောင်းအနုပညာပစ္စည်း အနည်းငယ်ကို ပြသနိုင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ ဂရင်းလေးဘဏ်ဟောင်း(ယခု စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ပြသခဲ့သည်။

**အမျိုးသားပြတိုက်(ရန်ကုန်)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းအမှတ်(၆၆/၇၄)တွင်တည်ရှိသည့် လက်ရှိအမျိုးသားပြတိုက်(ရန်ကုန်)ကို ၁၉၉၀ ပြည့်နှစ်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ကာ ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အမျိုးသားပြတိုက်ဝင်းအတွင်း ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့်အနော်ရထာမင်းကြီး(ခရစ်နှစ် ၁၀၄၄-၁၀၇၇)၊ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင့်နောင်မင်းကြီး(ခရစ်နှစ် ၁၅၅၀-၁၅၈၁)နှင့် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် အလောင်းမင်းတရား ဦးအောင်ဇေယျ(ခရစ်နှစ် ၁၇၅၂-၁၇၆၀)တို့၏ ရုပ်တုများကို မြင်ကြရသည်။

အမျိုးသားပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ဖွင့်လှစ်ပြသထားကာ မြန်မာနိုင်ငံသားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၅၀၀ ကောက်ခံပြီး ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဝင်ခွင့်ပြုသည်။ ပြည်ပနိုင်ငံသားများကို တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၅၀၀၀ ကောက်ခံသည်။

မြန်မာ့သမိုင်းနှင့် အနုပညာလက်ရာများကို ပြခန်း ၁၃ ဆောင်ခွဲကာ ပြသထားသည့် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ခရီးသွားရာသီများတွင် နေ့စဉ် ပြည်ပခရီးသွားများ လာရောက်လေ့လာကြသည်။

**ပြတိုက်ဟူသည်**

မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှအကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိမ်းပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟုခေါ်ဆိုနိုင်သည်" ဟု ဖော်ပြထားသကဲ့သို့ မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ(၃)တွင် ပြတိုက်ကို "တစ်စုံတစ်ရာကို အများကြည့်ရှုနိုင်ရန် စနစ်တကျစီစဉ်ခင်းကျင်းပြသထားသော အဆောက်အအုံ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အခြေခံပြတိုက်ပညာစာအုပ်တွင်လည်း ပြတိုက်သည် "ရှေးဟောင်းပစ္စည်းများ သို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့်ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီး"ဖြစ်ကြောင်း




ရေးသားထားသည်။

ကမ္ဘာတစ်ဝန်းတွင်ဖွင့်လှစ်ထားသည့် ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့်အနက် အမျိုးသားပြတိုက်များသည် သက်ဆိုင်ရာနိုင်ငံ၏ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို ဖော်ညွှန်းသည့် ပြကွက်များကို ပြသလေ့ရှိသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ပြတိုက်ကြီး နှစ်ခုဖွင့်လှစ်ပြသထားရာ ရန်ကုန်မြို့နှင့် နေပြည်တော်တွင် တစ်ခုစီတည်ရှိကြသည်။

**ရန်ကုန်အမျိုးသားပြတိုက် ခင်းကျင်းပြသမှုများ**

မြေညီထပ်ပြခန်းသို့ ဝင်လိုက်သည်နှင့် ထိုးကွင်းမင်ကြောင်များ ထိုးထားသည့် အမျိုးသားနှစ်ဦးက ကြေးမောင်းတစ်လုံးကို ကနုတ်ထွင်းထမ်းပိုးဖြင့် ထမ်းထားကာ နောက်လူက မောင်းခတ်နေသည့် ပန်းပုရုပ်အပါအဝင် အခြားပန်းပုရုပ်များနှင့် ဦးဘညွန့်၊ ဦးစံဝင်း၊ ဦးနန်းဝေ၊ ဦးဘရင်ကလေး၊ ဦးဘရင်ကြီး စသည့် မြန်မာပန်းချီကျော်များ၏ ပန်းချီကားများကို ပြသထားသည်။

မြေညီထပ် ပြခန်းသုံးခန်းအနက် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်းတွင် မြန်မာအက္ခရာနှင့် ကိန်းဂဏန်းများပြောင်းလဲလာပုံအဆင့်ဆင့်၊ ခေတ်အဆက်ဆက်စာပေရေးသားမှု အထောက်အထားများနှင့် မဟာဆွေ၊ သိပ္ပံမောင်ဝ၊ ဒဂုန်ခင်ခင်လေး စသည့် ၂၀ ရာစု မြန်မာစာရေးဆရာများ၏ လက်ရေးစာမူများကို ပြသထားသည်။ ၎င်းအခန်းမှာပင် ၁၉၉၃ ခုနှစ် မတ်လတွင် သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သည့် ဘုရားထောင်အရိုးအိုးကို တူးဖော်တွေ့ရှိခဲ့သည့် ဘုရားထောင်စေတီအနီးမှ အခင်းအကျင်းအတိုင်း ပုံစံတူပြုလုပ်ပြသထားသည်။ ဘုရားထောင်အရိုးအိုးပတ်လည်တွင် ပျူဘုရင်များ၏အမည်များကို ရေးထိုးထားသည်။

ထိုနေရာ၌ပင် ပျူစာပါ အုတ်ချပ်များ၊ အုတ်ခွက်ဘုရားများ၊ စဉ့်ကွင်းများနှင့် သရေခေတ္တရာမြို့ဟောင်း၊ ခင်ဘကုန်းမှ ရရှိခဲ့သည့် ရွှေပေလွှာစာတ်ပုံများအပြင် မွန်စာများရေးထိုးထားသည့် မွန်ခေါင်းလောင်းကိုလည်း လေ့လာနိုင်ကြသည်။ မြစေတီကျောက်စာပုံတူ၊ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ရာမှ တူးဖော်ရရှိခဲ့သည့် ကျွန်းတိုင်ကြီးနှစ်လုံး၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အလောင်းမင်းတရားရွှေပေလွှာ ဒစ်ဂျစ်တယ်မိတ္တူတို့အပြင် လွတ်လပ်ရေးရပြီးစက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လူမျိုးစုလွှတ်တော်နာယကတို့ လွှတ်တော်တက်ချိန်နှင့်ဆင်းချိန်တွင် အသုံးပြုခဲ့သည့်ရွှေကျိုင်းနှစ်လက်ကို မြင်တွေ့နိုင်ကြသည်။

သီဟာသနပလ္လင်ပြခန်းတွင် ဗြိတိသျှတို့ထံမှ ပြန်လည်ရရှိခဲ့သည့် ယမနေသား မူရင်းသီဟာသနပလ္လင်ကို ပြသထားသည်။

၎င်းပလ္လင်ကို ရတနာပုံခေတ်၌ လွှတ်တော်ဆောင်တွင်ထားရှိခဲ့ပြီး မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပြယုဂ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ကျန်ရှိနေသည်။ ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးဆောင်ဟူသည့်အတိုင်း ပလ္လင်ရှစ်မျိုး၊ အရေအတွက် ကိုးခုရှိခဲ့သော်လည်း ကျန်ပလ္လင်ရှစ်ခုသည် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့သဖြင့် ပုံတူများကိုသာ ပြသထားနိုင်ခဲ့သည်။ သီဟာသနပလ္လင်၏ မျက်နှာချင်းဆိုင်နံရံတွင် ရာဇပလ္လင်အခေါ်အဝေါ်များ၊ သီဟာသနပလ္လင်ပြုလုပ်ပုံ၊ ပလ္လင်သမိုင်းအကျဉ်းနှင့် လောကနတ်ရုပ်အကြောင်း သိမှတ်ဖွယ်ရာများကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားချိတ်ဆွဲထားသည်။

မြေညီထပ်ရှိ ရတနာပုံခေတ်ပြခန်းတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် နန်းဆောင်ပုံစံငယ်များ၊ ပန်းချီကားများ၊ နန်းတွင်းသုံး ပရိဘောဂများ၊ တော်ဝင်မျိုးနွယ်များ၏ အခမ်းအနားသုံးဝတ်စုံများကို မြင်တွေ့နိုင်သည်။ ပြခန်းပတ်လည်နံရံများပေါ်တွင် မန္တလေးနန်းမြို့ရှိ အဆောင်များ၊ ကျုံးကူးတံတား၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင်ဓာတ်ပုံများကို ချိတ်ဆွဲထားသည်။

၎င်းပြခန်း၌ပင် တောင်တွင်းကြီးဆရာတော် အသုံးပြုခဲ့သည့်မှန်စီရွှေချသလွန်တော်၊ မင်းတုန်းမင်း မိဖုရားခေါင်ကြီး၏ သလွန်၊ စုဖုရားလတ်၏မှန်တင်ခုံ စသည်တို့ကို မြင်တွေ့ကြရသည်။ ထူးခြားသော ပြကွက်များအဖြစ် ငွေသင်ဖြူးဖျာ၊ ဇာတ်ကွက်များ ထွင်းထားသည့် သစ်ထွင်းစင်၊ အချိန်နာရီမောင်း၊ မှန်စီရွှေချဗီရို၊ ပြင်သစ်နိုင်ငံက ကင်းဝန်မင်းကြီးကို လက်ဆောင်ပေးခဲ့သည့် ကြေးခုတင်၊ ဆင်စွယ်ကုလားထိုင် စသည့် ရတနာပုံခေတ် နန်းသုံးပစ္စည်းများကို လေ့လာနိုင်ကြသည်။

ရတနာပုံခေတ်ပြခန်းတွင် ပြသထားသည့်ပစ္စည်းများအနက် သီပေါမင်း၏ ဒုယင်တော်နှင့် စုဖုရားလတ်၏ မဟာလတာတန်ဆာဝတ်ရုံတော်များသည် စိတ်ဝင်စားဖွယ်အကောင်းဆုံးဟု ဆိုနိုင်သည်။ ကျောက်မျက်ရတနာများစီခြယ်၍ ဘော်ကြယ်များအထပ်ထပ်ထိုးထားသည့် ဝတ်ရုံများကို မှန်ခန်းအတွင်း၌ စနစ်တကျသိမ်းဆည်းပြသထားသည်။ ထို့အတူ မှူးတော်မတ်တော်များ၏ ဝတ်ရုံများကိုလည်း မြင်တွေ့နိုင်ကြသည်။

အမျိုးသားပြတိုက်ပထမထပ်တွင် မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီ ပြခန်းများကို ခင်းကျင်းထားသည်။

မင်းခမ်းတော်သည် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲ၊ လက်ယာ အခင်းအကျင်းဖြစ်ပြီး မင်းခမ်းတော်ဝင်ပစ္စည်းများသည် မြန်မာဘုရင်များလက်ထက်က နှစ်စဉ် တော်ဝင်အခမ်းအနားများတွင် သုံးစွဲသည့် နန်းသုံးပစ္စည်းများဖြစ်ကြသည်။ ဇေယသင်္ခယာပြုစုသည့် ရွှေဘုံနိဒါန်းတွင် မင်းခမ်းတော်၂၆ ပါးကို လက်ဝဲမင်းခမ်း ၁၃ ပါးနှင့် လက်ယာမင်းခမ်း ၁၃ ပါးဟုဆိုသော်လည်း အမျိုးသားပြတိုက်တွင် လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး ပြသထားသည်။

မြန်မာ့မြို့ပြယဉ်ကျေးမှုအခန်းတွင် တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှခ်ဦး ပုံစံတူနှင့်အတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာမြို့ဟောင်းနှင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ဝေသာလီမြို့ဟောင်းမြေပုံတို့ကို ချိတ်ဆွဲထားသည်။ ထို့အတူ တကောင်းမြို့ဟောင်းမှရရှိခဲ့သည့် အေဒီ ၁၁ ရာစုလက်ရာ အနော်ရထာမင်းကြီး အုတ်ခွက်ဘုရားများ၊ လက်ရေးစင်းပါ အုတ်ချပ်များ၊ မြေဆေးတံများ၊ ပျူမြို့ဟောင်းများမှ ရရှိခဲ့သည့်အရိုးအိုးများ၊ ကျောက်နှင့်မြေ အသုံးအဆောင်များကို မြင်တွေ့နိုင်ကြသည်။ ရှေးဟောင်းပစ္စည်းမှောင်ခိုသမားများကြောင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိသွားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပြန်လည်ရရှိခဲ့သည့် ပျူကချေသည်ရုပ်ငါးရုပ်ပုံပွားများကိုလည်း မြင်တွေ့ကြရသည်။

သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီ ပြခန်း၌ မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့သည့် နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကုန်းနေရေနေ၊ ကျောရိုးရှိနှင့် ကျောရိုးမဲ့သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သက်တမ်းနှစ် ၁၀၀၀၀ ကျော်ကဟု ခန့်မှန်းသည့် ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများ၊ မြန်မာနိုင်ငံအတွင်း နှစ် ၃၅၀၀ ခန့်က ထွန်းကားခဲ့သည့် ကြေးခေတ်နှင့် ခရစ်တော်မပေါ်မီ နှစ်ရာစုမှ ကိုးရာစုကြားထွန်းကားခဲ့သည့် ပျူခေတ်အထောက်အထားများကို ပြသထားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိပုံ၊ အမျိုးအစားခွဲခြားပုံ၊ ထိန်းသိမ်းပုံ စသည့် အသိပညာပေးအစီအစဉ်များကို မှတ်တမ်းတင်ရိုက်ကူးထားပြီး ၎င်းပြခန်းတွင် ပရိုဂျက်တာဖြင့် ပြသပေးသည်။

အမျိုးသားပြတိုက် ဒုတိယထပ်တွင် မြန်မာ့လက်မှုအနုပညာပြခန်းနှင့် မြန်မာ့သုခုမအနုပညာပြခန်းများကို လေ့လာနိုင်သည်။ လက်မှုအနုပညာပြခန်းတွင် မြန်မာနိုင်ငံသားများ၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊ သွားလာမှုတွင်သုံးစွဲခဲ့သည့်ပစ္စည်းများ၊ ရက်ကန်းပစ္စည်းများ၊ ထန်းဖြင့်ပြုလုပ်ထားသည့်ပစ္စည်းများ၊ မှန်စီရွှေချအလှအပပစ္စည်းများ၊ စဉ့်ထည်ပစ္စည်းများစသည့် မြန်မာ့လက်မှုအနုပညာပစ္စည်းများကို ပြသထားသည်။

ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်းဟူသည့် မြန်မာ့ရိုးရာပန်း ၁၀ မျိုး အနုပညာလက်ရာများကို ပြသထားရာ ပဲထိမ်တဉ်းတော့၊ ရန်ပုမော့၊ မှတ်လော့ ပွတ်ချီယွန်းဟူသည့် လင်္ကာနှင့် တွဲစပ်လေ့လာနိုင်ကြသည်။

သမင်ဦးချို ကုလားထိုင်၊ ကျောက်ကာသပိတ်၊ အုန်းမှုတ်ပန်းအိုး၊ ဆွမ်းတော်အုပ်၊ ပေထုပ်နှင့် စာပလွေ၊ သစ်သားသင်ပုန်းတို့အပြင် မြန်မာ့ရိုးရာ လှည်းယဉ်ကြော့၊ အင်းသားရိုးရာလှေ၊ ဆလုံလှေ၊ ချပ်လှည်းဘီးတို့ကိုလည်း လေ့လာနိုင်သည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## လွိုင်လင်မြို့နယ် ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ယူအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဥက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောက်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၃၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



➤ စာမျက်နှာ ၄ မှအဆက်

မြန်မာ့သုခုမအနုပညာပြခန်းတွင် မြန်မာ့မှန်စီရွှေချဆိုင်းဝိုင်း အပါအဝင် ရိုးရာသုခုမပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ လေမှုတ်နှင့် ကြိုးတပ်တူရိယာပစ္စည်းများ၊ ရုပ်သေးရုပ်များ၊ ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် အနုပညာရှင်များ၏ ဓာတ်ပုံ၊ ပန်းချီ၊ အသုံးအဆောင်များကို ခင်းကျင်းထားသည်။

တတိယထပ်တွင် မြန်မာပန်းချီခန်းမဆောင်နှင့် မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်းတို့ရှိသည်။ ပန်းချီခန်းမဆောင်တွင် မြန်မာ့ရှေးဦးကျောက်ခေတ်လူသားများ ပြဒါးလင်းဂူတွင် ရေးဆွဲခဲ့သည့် နံရံပန်းချီပုံတူများ၊ မြင်းကပါ ဂူပြောက်ကြီး၊ နန္ဒမညာ၊ ကျန်စစ်သားဥမင်၊ စုဋ္ဌာမဏိ စသည့် ပုဂံရှေးဟောင်းနယ်မြေ စေတီပုထိုးများရှိ နံရံဆေးရေးပန်းချီပုံတူများ၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်လက်ရာ နံရံဆေးရေးပန်းချီပုံတူများကို မြင်တွေ့နိုင်ကြသည်။ ကုန်းဘောင်ခေတ်မှ မျက်မှောက်ခေတ်တိုင်ထင်ရှားခဲ့သည့် မြန်မာပန်းချီပညာရှင်များ၏ ဆီဆေး၊ ရေဆေး၊ ခဲခြစ်၊ မင်ခြစ်၊ အခရိုင်းလစ်ဆေး ပန်းချီလက်ရာများကို ကြည့်ရှုခံစားနိုင်သည်။

ရှေးဟောင်းအဆင်တန်ဆာ ရတနာပြခန်းတွင် ပျူခေတ်မှ ရတနာပုံခေတ်ထိ ခေတ်အဆက်ဆက် ဆင်မြန်းဝတ်ဆင်ခဲ့သည့် လက်ဝတ်တန်ဆာများကို ပြသထားရာ ပျူခေတ်လက်ရာ ရွှေနားလက်ကောက် ခေါင်းပိုင်း၊ နွားရုပ်ပါရွှေဆွဲပြား၊ ပျူခေတ်နှောင်းပိုင်းလက်ရာ ရွှေတံဆိပ်ပြားလက်စွပ်၊ ကုန်းဘောင်ခေတ်လက်ရာ ရွှေဒါလီဆန်းဘယက်တို့သည် အလွန်လက်ရာမြောက်သည့် မြန်မာ့အဆင်တန်ဆာများဖြစ်ကြသည်။

စတုတ္ထထပ်ရှိ ပြခန်းသုံးခန်းအနက် ဗုဒ္ဓအနုပညာပြခန်းတွင် ပျူခေတ်မှ ရတနာပုံခေတ်တိုင် ခေတ်အဆက်ဆက်လက်ရာမြေထည်၊ ကျောက်ဆစ်၊ ကြေးသွန်း၊ သစ်သား၊ ယွန်းထည်၊ သံထည် ဗုဒ္ဓရုပ်ပွားတော်များ၊ အုတ်ခွက်ဘုရားများကို ပြသထားသည်။ ၎င်းအထပ်၌ပင်ရှိသည့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းတွင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သရုပ်ဖော်ရုပ်လုံးများ၊ တူရိယာပစ္စည်းများနှင့် ထုံးတမ်းဓလေ့သုံးပစ္စည်းများကို ပြသထားသည်။ အာဆီယံပြခန်းတွင်မူ မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံ၏ တည်နေရာ၊ မြို့တော်၊ ရုံးသုံးဘာသာစကား အစရှိသည့် သိမှတ်ဖွယ်အချက်အလက်များကို တစ်နိုင်ငံချင်း မြေပုံ၊ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ တစ်နိုင်ငံစီ၏ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကိုလည်း လေ့လာနိုင်ကြသည်။

အမျိုးသားပြတိုက်(ရန်ကုန်)သည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သဖြင့် ယဉ်ကျေးမှုမှတ်တမ်းဌာနကြီးတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နေပေသည်။

**ကိုးကား**

- မင်းဓမ်းတော်ဝင်ပစ္စည်းများ(ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန)
- အမျိုးသားပြတိုက်လေ့လာရေးမှတ်စုများ
- မြန်မာ့သမိုင်းကိုဖော်ကျူးနေတဲ့ အမျိုးသားပြတိုက်(Info Digest, အမှတ် ၂၄၊ ၂၅)

## ပြည်ထောင်စု တပ်မတော်

- တို့မြန်မာပြည် တည်ထောင်ပြု
ပြည်ထောင်စု တို့တပ်မတော်၊
တိုင်းပြည်ကို အသက်ပေး
အေးချမ်းစေသော်၊
ဖွံ့ဖြိုးဖို့ အနာဂတ်မျှော်
ဂုဏ်တင့်ကျော် စွမ်းဆောင်ပေး၊
လုံခြုံရေး တာဝန်မနေးတဲ့
သွေးရဲနီသေး။

- တိုင်းပြည်ကို အန္တရာယ်ပြု
ရန်စွယ်အမှု ဖယ်ရှားဆောင်၊
မျိုးချစ်စိတ် တကယ်ပြ
သားလှစစ်မောင်၊
ပေးအပ်တဲ့ တာဝန်မရှောင်
အသက်တောင် ဘယ်မတွေး၊
နိုင်ငံကို ကာကွယ်ပြု
စံတုလို့ရွေး။

- တို့တစ်တွေ နိုင်ငံသား
သိမှတ်ထား ကျေးဇူးတွေ၊
အမိမြေ တကယ်ချစ်
စစ်သည်တော်ပေ၊
အားကိုးလို့ ရပ်တည်နေ
သာပါစေ အောင်ပါကြောင်း၊
ရှေ့တန်းပြန် စစ်သည်မောင်တို့ကို
(အမျိုးတို့ရေ)
အောင်ပန်းနဲ့ ကြိုလောင်း။

**ကိုကိုဇင်(ပညာရေး)**

## မြေပုံမြို့နယ် ချောင်းရှည်ကျေးရွာ၌ မြေသားရေကန်တာပေါင်မြှင့်တင်ပြီးစီးမှု စစ်ဆေး

**မြေပုံ မတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ချောင်းရှည်ကျေးရွာ၌ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ချောင်းရှည်ကျေးရွာတွင် မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြေပုံမြို့နယ် ချောင်းရှည်ကျေးရွာ၌ အရှည်ပေ ၆၀၀၊ အမြင့်သုံးပေ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွှမ်းမံ) ရန်ပုံငွေကျပ် ၁ ဒသမ ၀၆၄ သန်းဖြင့် စီမံမြသရီကုမ္ပဏီကတာဝန်ယူ၍ ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၃၉ အိမ်၊ လူ ၂၁၇ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့၏ အလွတ်သဘောဆွေးနွေးပွဲ လေးနာရီခွဲထိကြာမြင့်



**မော်စကို မတ် ၂၁**

ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ မတ် ၂၀ ရက် အလွတ်သဘောဆွေးနွေးပွဲသည် အချိန်ကာလအားဖြင့် လေးနာရီနှင့် မိနစ် ၃၀ ထိကြာမြင့်ခဲ့ကြောင်း ရုရှားမီဒီယာများ၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် သုံးရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် ရုရှားနိုင်ငံ မော်စကိုမြို့သို့ မတ် ၂၀ ရက်တွင် ရောက်ရှိခဲ့ပြီး သမ္မတပူတင်နှင့် ကရင်မလင်နန်းတော်၌ အလွတ်သဘောဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

သမ္မတပူတင်နှင့် လေးနာရီခွဲကြာ အလွတ်သဘောတွေ့ဆုံဆွေးနွေးပြီးနောက် တရုတ်သမ္မတရှီကျင့်ဖျင်သည် ကရင်မလင်နန်းတော်မှ ပြန်လည်ထွက်ခွာသွားကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ၎င်းတို့၏ တရားဝင်ထိပ်သီးဆွေးနွေးပွဲများကို ယနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယူကရိန်းပြဿနာအား မည်သို့ဖြေရှင်းရမည်ဆိုသော အချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ အဆိုပြုချက်များကို မိမိစိတ်ဝင်စားကြောင်း၊ ယခုဆွေးနွေးပွဲ၌ မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ ယူကရိန်းပြဿနာဆိုင်ရာ သဘောထားအမြင်များ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း မတ် ၂၀ ရက် အလွတ်သဘောဆွေးနွေးပွဲ၌ သမ္မတပူတင်က သမ္မတရှီကျင့်ဖျင်ကို ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ယူကရိန်းပြဿနာဖြေရှင်းရေးအတွက် အချက် ၁၂ ချက်ပါလမ်းစဉ် တစ်ခုကို ပြီးခဲ့သည့်လအတွင်းက ကြေညာခဲ့ရာ ရုရှားအစိုးရကလည်း ယင်းလမ်းစဉ်ကြေညာချက်ကို ကြိုဆိုစကားပြောကြားထားကြောင်း သိရသည်။KKO

# အမေရိကန်ဗုံးကြဲလေယာဉ်များ နယ်စပ်အနီး ချဉ်းကပ်မှုကြောင့် တိုက်လေယာဉ်တစ်စင်း ရုရှားစေလွှတ်

**မော်စကို မတ် ၂၁**

အမေရိကန်လေတပ်မှ မဟာဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်း ရုရှားနယ်စပ်အနီးသို့ မတ် ၂၀ ရက်တွင် ချဉ်းကပ်လာမှုကြောင့် ရုရှားစစ်ဘက်က အက်စ်ယူ-၃၅ တိုက်လေယာဉ်တစ်စင်း အရေးပေါ်စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အက်စ်ယူ-၃၅ တိုက်လေယာဉ်စေလွှတ်ခဲ့ပြီးနောက် အမေရိကန်ဗုံးကြဲလေယာဉ်များသည် ၎င်းတို့၏ အခြေစိုက်စခန်းရှိရာသို့ ပြန်လှည့်သွားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနယ်စပ်အနီး ချဉ်းကပ်လာသော အမေရိကန်ဗုံးကြဲလေယာဉ်များမှာ ဘီ-၅၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များဖြစ်ကြကြောင်း သိရသည်။

ရုရှားတိုက်လေယာဉ်များ ကြားဖြတ်ဟန့်တားနေစဉ် ပင်လယ်နက်ဒေသ၌ မတ် ၁၄ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျခဲ့ရပြီးနောက် မတ် ၂၀ ရက်ဖြစ်စဉ် ထပ်မံပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနယ်စပ်အနီးသို့ ဦးတည်ပျံသန်းလာသော အမေရိကန်ဗုံးကြဲလေယာဉ်များကို ရုရှားစစ်ဘက်အနောက်ဘက်စစ်ဒေသ လေကြောင်းရန်ကာကွယ်ရေးတပ်များက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားလေတပ်၏ အက်စ်ယူ-၃၅ တိုက်လေယာဉ်သည် နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ အမေရိကန်ဗုံးကြဲလေယာဉ်များကို စောင့်ကြည့်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားထားကြောင်း သိရသည်။ KKO



# အိုင်အမ်အက်ဖ်က ပထမအကြိမ် ထုတ်ပေးမည့်ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကို သီရိလင်္ကာ ရရှိမည်

**ကိုလံဘို မတ် ၂၁**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က ပထမအကြိမ်ထုတ်ပေးမည့် ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကို သီရိလင်္ကာနိုင်ငံအနေဖြင့် နှစ်ရက်အတွင်းရရှိမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံအတွက် ဘဏ္ဍာရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးဘီလီယံထုတ်ပေးရန် အိုင်အမ်အက်ဖ် အမှုဆောင်ဘုတ်အဖွဲ့က မတ် ၂၀ ရက်တွင် သဘောတူထားသည်။

အဆိုပါ ဘဏ္ဍာရေးအကူအညီ၏ ပထမအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကို လာမည့်နှစ်ရက်အတွင်း သီရိလင်္ကာနိုင်ငံက ရရှိမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အိုင်အမ်အက်ဖ်၏ ဘဏ္ဍာရေးအကူအညီရယူပြီးနောက် သီရိလင်္ကာနိုင်ငံအနေဖြင့် ၎င်း၏ပြည်ပကြွေးမြီများကိုလက်ခံနိုင်သောအဆင့်တွင် ထိန်းထားရတော့မည်ဖြစ်သည်။

စီးပွားရေးစီမံခန့်ခွဲမှု အလွဲများနှင့်အတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကပ်ဘေးကြောင့် သီရိလင်္ကာနိုင်ငံမှာ ပြီးခဲ့သည့်နှစ်အတွင်း အရေးကြီးသည့်သွင်းကုန်များအတွက် ငွေပေးချေရန် အမေရိကန်ဒေါ်လာပြတ်လပ်ခဲ့ရပြီး နှစ်၇၀ အတွင်း အဆိုးရွားဆုံးဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရသည်။

အိုင်အမ်အက်ဖ်၏ ဘဏ္ဍာရေးအကူအညီသည် သီရိလင်္ကာနိုင်ငံအတွက် အလွန်အရေးကြီးသော အကူအညီဖြစ်သည်ဟု သီရိလင်္ကာဘဏ္ဍာရေးဝန်ကြီး ရှီဟန်းဆီမာဆင်းက ပြောကြားထားကြောင်း သိရသည်။ KKO

# ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲများကို မေ ၁၄ ရက်တွင် ကျင်းပမည်

**ဗန်ကောက် မတ် ၂၁**

ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ယခုနှစ် မေ ၁၄ ရက်တွင်ကျင်းပရန် ထိုင်းအမျိုးသားရွေးကောက်ပွဲ ကော်မရှင်က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲသစ်ကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ထိုင်းအမျိုးသားရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထိုင်းလွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး တစ်ရက်အကြာတွင် ရွေးကောက်ပွဲ ကျင်းပမည့်နေ့ကို ထိုင်းရွေးကောက်ပွဲ ကော်မရှင်က ကြေညာခဲ့ခြင်းဖြစ်သည်။

အထွေထွေရွေးကောက်ပွဲသစ်ကျင်းပနိုင်ရေးအတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် လွှတ်တော်ဖျက်သိမ်းရေးအမိန့်ဒီကရီကို ထိုင်းဘုရင်မဟာဝိဇယလောင်ကွန်းက မတ် ၂၀ ရက်တွင် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်လောင်းနှင့် အမတ်လောင်းများ မှတ်ပုံတင်စာရင်းပေးသွင်းမှုကို ဧပြီလဆန်းပိုင်းတွင် စတင်ရန် ထိုင်းရွေးကောက်ပွဲ ကော်မရှင်က ကြေညာထားသည်။

အဆိုပါ ရွေးကောက်ပွဲများ၌ ပါဝင်ဆန္ဒမဲပေးနိုင်မည့် ထိုင်းမဲဆန္ဒရှင်ပြည်သူအရေအတွက်မှာ ၅၂ သန်းခန့်ရှိကြောင်း သိရသည်။

KKO

# ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ယူကရိန်းသို့သွားရောက်စဉ် ရုရှားဗုံးကြဲလေယာဉ်များ ဂျပန်ပင်လယ်၌ပျံသန်း

**မော်စကို မတ် ၂၁**

ရုရှားလေတပ်မှ မဟာဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်းသည် ယနေ့တွင် ဂျပန်ပင်လယ်ဒေသ၌ ခုနစ်နာရီကျော်ကြာ ပျံသန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့သို့ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ သွားရောက်နေစဉ်မှာပင် ရုရှားလေတပ်မဟာဗုံးကြဲလေယာဉ်များက ဂျပန်ပင်လယ်ဒေသ၌ ပျံသန်းခဲ့ခြင်းဖြစ်သည်။

သို့သော် ကြိုတင်စီစဉ်ထားသည့်အတိုင်း တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ် နှစ်စင်းသည် ယနေ့တွင် ဂျပန်ပင်လယ်ဒေသ၌ ပျံသန်းခဲ့ရာ ရုရှားတိုက်လေယာဉ်များက ခြံရံလိုက်ပါပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တီယူ-၉၅ တိုက်လေယာဉ်များသည် နျူကလီးယားလက်နက်သယ်ဆောင်နိုင်သည့် မဟာဗျူဟာဗုံးကြဲလေယာဉ်များဖြစ်ကြသည်။


ရုရှားနိုင်ငံသည် စစ်အင်အားပြသသည့်အနေဖြင့် တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ်များကို အာတိတ်ဒေသ၊ မြောက်အတ္တလန္တိတ်ဒေသနှင့် ပစိဖိတ်သမုဒ္ဒရာဒေသများသို့ ပုံမှန်စေလွှတ်လေ့ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယနေ့တွင် ပိုလန်မှတစ်ဆင့် ရထားဖြင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့သို့ ထွက်ခွာသွားသည်ဟု ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်လာသည့်ကြယ်များ ယနေ့ခေတ်အကြီးဆုံးကြယ်များထက် အဆ ၁၀၀၀ ပိုကြီးမား



**ဝါရှင်တန် မတ် ၂၁**

စကြဝဠာအတွင်း ပထမဆုံး ပေါ်ထွက်လာသည့် ကြယ်များသည် ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆ ၁၀၀၀၀ ပိုကြီးမားပြီး ယနေ့ခေတ် တည်ရှိဆဲ အကြီးဆုံးကြယ်များထက် အဆပေါင်း ၁၀၀၀ ထိ ပိုကြီးမားနိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်က ရေးသားတင်ပြထားသည်။

ယနေ့ခေတ် တည်ရှိနေဆဲဖြစ်သော အကြီးမားဆုံးကြယ်များမှာ ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆ ၁၀၀ ထိ ပို၍ကြီးမားသည်။

သို့ရာတွင် စကြဝဠာအစောပိုင်းကာလများတွင်မူ အထက်ပါကြယ်များထက် အဆပေါင်းများစွာ ပိုကြီးမားသော်လည်း သက်တမ်းတိုသည့် ရောမကြယ်ကြီးများ ပေါ်ထွက်ခဲ့ကြကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ကွန်ပျူတာစံပြုပုံစံများဖြင့် စကြဝဠာအမှောင်ခေတ်ခေါ် ခေတ်ကာလအပိုင်းအခြားကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး မကြာမီ ဟိုက်ဒရိုဂျင်နှင့် ဟီလီယံဓာတ်ငွေ့များ သိပ်သည်းသည့် ဒြပ်ထည်လုံးများအဖြစ် စတင်ပြောင်းလဲချိန်ကို စကြဝဠာအမှောင်ခေတ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

ထိုကဲ့သို့ ဓာတ်ငွေ့များမှတစ်ဆင့် ပေါ်ထွက်လာသည့် ဒြပ်ထည်လုံးများသည် နောက်ပိုင်းတွင် နျူကလီးယားဓာတ်ပြုမှုဖြစ်စဉ်ကြောင့် ကြယ်များအဖြစ် ပြောင်းလဲသွားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ယူရေးနပ်စ်ဂြိုဟ်၏ ဂြိုဟ်ရံလနှစ်စင်းတွင် အာကာသဟင်းလင်းပြင်အတွင်းသို့ ဒြပ်မှုန်များပန်းထွက်နေသော မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်

**ဝါရှင်တန် မတ် ၂၁**

ယူရေးနပ်စ်ဂြိုဟ်၏ ဂြိုဟ်ရံလနှစ်စင်းတွင် အာကာသဟင်းလင်းပြင်အတွင်းသို့ ဒြပ်မှုန်များပန်းထွက်နေသော မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ ရရှိသည့်သတင်းအချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ယူရေးနပ်စ်ဂြိုဟ်၏ ဂြိုဟ်ရံလနှစ်စင်းဖြစ်သော အာရီယမ်ဂြိုဟ်ရံလနှင့် မီရန်ဒါဂြိုဟ်ရံလတို့၌ မြေအောက်သမုဒ္ဒရာများ တည်ရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါဂြိုဟ်ရံလနှစ်စင်းအနက် တစ်စင်းပေါ်ရှိ မြေအောက်သမုဒ္ဒရာသည် ပလပ်ဒြပ်မှုန်များကို ယူရေးနပ်စ်ဂြိုဟ်စနစ်အတွင်းသို့ မှုတ်ထုတ်နေဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ ရရှိထားသော သတင်းအချက်အလက်များအရ အာရီယမ်နှင့် မီရန်ဒါ ဂြိုဟ်ရံလနှစ်စင်းအနက် တစ်စင်းစင်းတွင် လည်းကောင်း သို့မဟုတ် နှစ်စင်းစလုံးတွင်လည်းကောင်း မြေအောက်သမုဒ္ဒရာများ ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ၁၉၈၆ ခုနှစ်တွင် ယူရေးနပ်စ်ဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

KKO

## နေမျက်နှာပြင်ပေါ်၌တိုက်ခတ်နေသော အလွန်ကြီးမားသည့် နေလေဆင်နှာမောင်းတစ်ခုကို နာဆာ၏ အက်စ်ဒီအို နေလေ့လာရေးအာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၂၁**

နေမျက်နှာပြင်ပေါ်၌ တိုက်ခတ်နေသော အလွန်ကြီးမားသည့် နေလေဆင်နှာမောင်း တစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အက်စ်ဒီအို နေလေ့လာရေးအာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၂၀ ရက်က ရေးသားတင်ပြထားသည်။

ယနေ့ခေတ် ပြင်းထန်သော ဓာတ်ငွေ့မှုန်များဖြင့် ဖွဲ့စည်းထားသော အဆိုပါ နေမျက်နှာပြင် လေဆင်နှာမောင်းသည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် ၁၄ ဆ ပိုကြီးမားပြီး အမြင့်မှာ မိုင်ပေါင်း ၇၄၅၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ နေလေဆင်နှာမောင်းသည် နေမျက်နှာပြင်ပေါ်၌ တစ်နာရီလျှင် မိုင် ၃၁၀၀၀၀ အမြန်နှုန်းဖြင့် ရွေ့လျားနေကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ ၎င်းနေမျက်နှာပြင် လေဆင်နှာမောင်းသည် နေ၏မြောက်ဝင်ရိုးစွန်း၌ သုံးရက်ကြာတိုက်ခတ်ခဲ့ကြောင်း သိရသည်။

နေမျက်နှာပြင် လေဆင်နှာမောင်းများသည် ခရုခွေပုံစံသံလိုက်စက်ကွင်း အမျှင်တန်းမှ နေမျက်နှာပေါ်သို့ ကြွတက်လာချိန်တွင် ပေါ်ထွက်လာတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

# HEALTH

## ကာဘိုဟိုက်ဒရိတ်စားသုံးမှု လျှော့ချခြင်းဖြင့် ပုံစံ-၂ ဆီးချိုလူနာများ အသက်ပိုရှည်နိုင်

**နယူးယောက် မတ် ၂၁**

ကာဘိုဟိုက်ဒရိတ်စားသုံးမှုကို လျှော့ချခြင်း၊ ဟင်းသီးဟင်းရွက် ဓာတ်စာများ စားသုံးခြင်းတို့ဖြင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ အသက်ရှည်ရေးကို အထောက်အကူပြုနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါခံစားနေရသူ ၂၀၀၀၀ ကျော်တို့၏ ဓာတ်စာစားသုံးမှုပုံစံနှင့် ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကာဘိုဟိုက်ဒရိတ်ကို အထိုက်အလျောက် လျှော့စားသူများသည် အစားများသူများနှင့် နှိုင်းယှဉ်ပါက နှစ် ၃၀ အတွင်း ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကာဘိုဟိုက်ဒရိတ်ကို အသင့်အတင့် စားသုံးသော်လည်း ဟင်းသီးဟင်းရွက် ဓာတ်စာများ ပုံမှန်စားသုံးနေသူများသည်လည်း ကာဘိုဟိုက်ဒရိတ် အစားများသူများနှင့် နှိုင်းယှဉ်ပါက အသက်ပိုရှည်နိုင်ခြေ မြင့်မားကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းညှိပေးသော အင်ဆူလင်ဟော်မုန်းကို ခန္ဓာကိုယ်ကတုံ့ပြန်နိုင်မှုမရှိတော့ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါကို ဓာတ်စာပြောင်းလဲခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ကိုယ်အလေးချိန်လျှော့ချခြင်းတို့ဖြင့် ထိန်းချုပ်နိုင်ကြောင်း သိရသည်။

KKO

## နှင်းခူနာလူနာများ မကြာမီကာလတွင် ထိုးဆေးသစ်တစ်မျိုးဖြင့် ကုသနိုင်မည်

**နယူးယောက် မတ် ၂၁**

Atopic Dermatitis ခေါ် အဖြစ်အများဆုံး နှင်းခူနာရောဂါ ခံစားနေရသူများအနေဖြင့် မကြာမီကာလအတွင်း ထိုးဆေးသစ်တစ်မျိုးဖြင့် ကုသနိုင်မည်ဖြစ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်က ရေးသားတင်ပြထားသည်။

လက်တွေ့ စမ်းသပ်မှုနှစ်ခုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Lebrikizumab အမည်ရှိအဆိုပါ ထိုးဆေးသစ်သည် ဆယ်ကျော်သက်များနှင့် အရွယ်ရောက်သူများ၏ နှင်းခူနာကိုကုသရာတွင် ထိရောက်မှုရှိကြောင်း သိရသည်။

မိမိတို့ပြုလုပ်ခဲ့သော လေ့လာချက် ရလဒ်များအရ Lebrikizumab ထိုးဆေးသည် Atopic Dermatitis နှင်းခူနာကိုကုသရာ၌ အလွန်ထိရောက်မှုရှိသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဂျော့ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လူနာများ၏ဆေးအပေါ် တုံ့ပြန်မှုမှာလည်း တစ်နှစ်ထိ ကောင်းမွန်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

စမ်းသပ်မှုများမှထွက်ပေါ်လာသည့်ရလဒ်များအရ အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA) အနေဖြင့် Lebrikizumab ဆေးသုံးစွဲခွင့်ကို အတည်ပြုပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

Lebrikizumab ဆေးသည် Monoclonal Antibody ခေါ် သွေးဖြူဆဲလ်ပဋိပစ္စည်း ထိုးဆေးအမျိုးအစားဖြစ်သည်။

KKO






# ဆီဗီလာအသင်းက နည်းပြဆမ်ပါအိုလီကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**မက်ဒရစ် မတ် ၂၁**

လာလီဂါကလပ် ဆီဗီလာအသင်းသည် တန်းဆင်းဇုန်မှ ဂီတာဖေးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် တန်းဆင်းဇုန်မှ ဗလင်စီယာ၊ အယ်မာရီယာအသင်းတို့နှင့် ရမှတ်နှစ်မှတ်သာ ကွာဟတော့သဖြင့် နည်းပြဆမ်ပါအိုလီအား ရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု Football Espana သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂီတာဖေးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ဂိုးသမားဘိုနိုက ဆီဗီလာအသင်းအနေဖြင့် သေချာသည့် ကစားပုံမျိုးမရှိဘဲ ပြိုင်ပွဲတစ်ခုအတွင်း ကစားပုံအမျိုးမျိုးပြောင်းလဲကစားမှုကြောင့် ကစားသမားများ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့သည့်အပြင် ရလဒ်ပိုင်းကျဆင်းမှုများရှိခဲ့သည်ဟု မီဒီယာများကိုပြောကြားခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြဆမ်ပါအိုလီကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နည်းပြ ဆမ်ပါအိုလီသည် ဆီဗီလာအသင်းကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလက စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းအနေဖြင့် ရလဒ်ပိုင်း တိုးတက်လာကာ အမှတ်ပေးပြိုင်ပွဲတွင် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ခဲ့သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ပိုင်းကျဆင်းခဲ့သကဲ့သို့ နည်းပြဆမ်ပါအိုလီ၏ နည်းစနစ်ပိုင်းနှင့်ပတ်သက်၍လည်း ကစားသမားများအနေဖြင့် မေးခွန်းထုတ်လာမှုများရှိလာသောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းကိုရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆီဗီလာအသင်းသည် ယခင်အီဗာအသင်းနှင့် အလာဗက်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသည့် နည်းပြဘိုဒါလက်စ်ကို ဆမ်ပါအိုလီ၏နေရာတွင် အစားထိုးနိုင်ရန် ဆွေးနွေးမှုပြုလုပ်ကာ သဘောတူညီမှုရရှိပါက ကာလတိုစာချုပ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ဖူလ်ဟမ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ရက်ရှ်ဖို့ဒ်အနေဖြင့် အင်္ဂလန်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။
- လာလီဂါပွဲစဉ်(၂၆)အပြီးတွင် အမှတ်ပေးဇယားအောက်ဆုံးရောက်ရှိနေသည့် အယ်ချီအသင်းက နည်းပြမာချင်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် ကာမာဗင်ဂါကို စာချုပ်ဖျက်သိမ်းကြေးယူရို တစ်ဘီလီယံဖြင့် သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။
- ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့က ဘာစီလိုနာတောင်ပံကစားသမား ဒမ်ဘီလီကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၄၄ သန်းဖြင့် ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေကြောင်း သိရသည်။

ML

# အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် မေဆင်မောင့်နေရာတွင် ပါရဲရားနှင့်အစားထိုးရန် ချဲလ်ဆီးအသင်းပြင်ဆင်




**လန်ဒန် မတ် ၂၁**

ချဲလ်ဆီးအသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား မေဆင်မောင့်ကို သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း ကစားသမားအနေဖြင့် လာမည့်နွေရာသီ အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဖူလ်ဟမ်အသင်းကစားသမား ပါရဲရားကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း Footballtransfers.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မေဆင်မောင့်သည် ချဲလ်ဆီးအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းတိုးရန် ကနဦးသဘောတူညီမှုရရှိထားသော်လည်း ပရီးမီးယားလိဂ် ပြိုင်ဘက် အသင်းများဖြစ်သည့် လီဗာပူး၊ မန်ယူ၊ မန်စီးတီးအသင်းတို့က ၎င်းကိုခေါ်ယူရန်ချိတ်ဆက်နေသောကြောင့် ကစားသမားအနေဖြင့် လက်မှတ်ရေးထိုးရန် ကြန့်ကြာနေကာ လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။

ချဲလ်ဆီး အသင်းကလည်း မေဆင်မောင့်အနေဖြင့် စာချုပ်သက်တမ်းမတိုးပါက လာမည့်နှစ်တွင် အလွတ်ပြောင်းရွှေ့ခွင့်ပြုရမည်ဖြစ်သောကြောင့် လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် တရားဝင်ကမ်းလှမ်းသည့် အသင်းရှိလာပါက ရောင်းချသွားရန် ဆုံးဖြတ်ထားပြီး ၎င်းနေရာတွင် ဖူလ်ဟမ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ပါရဲရားနှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။ ML

# ဘာစီလိုနာခံစစ်ကစားသမား အာရှူဂျို ဒဏ်ရာပြဿနာကြောင့် ရက်သတ္တသုံးပတ်ခန့် အနားယူရမည်

**ဘာစီလိုနာ မတ် ၂၁**

စပိန်လာလီဂါပွဲစဉ်(၂၆)အဖြစ် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် လာလီဂါ အမှတ်ပေးပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား အာရှူဂျိုအနေဖြင့် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် ရက်သတ္တသုံးပတ်ခန့် အနားယူရဖွယ်ရှိကြောင်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်ဟု Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှူဂျိုသည် အဆိုပါပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားနိုင်ခဲ့သော်လည်း ပွဲပြီးဆုံး၍ အောင်ပွဲခံချိန်တွင် ၎င်း၏ခြေထောက်ကြွက်သားဒဏ်ရာကိုရေခဲကပ်၍ ကုသမှုပြုလုပ်ခဲ့ရပြီးနောက် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုမရှိသော်လည်း ရက်သတ္တပတ်သုံးပတ်ခန့် အနားယူရဖွယ်ရှိကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာပြိုင်ပွဲကာလအပြီး လာမည့် ဧပြီ ၂ ရက်တွင် ကစားရမည့် အယ်ချီအသင်းနှင့် ပွဲစဉ်အပါအဝင် ဧပြီ ၆ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ကစားရမည့် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်ကိုလည်း လွဲချော်မည်ဖြစ်သကဲ့သို့ အသင်းအနေဖြင့် အာရှူဂျိုအား နိုင်ငံတကာပြိုင်ပွဲကာလအပြီး ကစားရမည့်ပွဲစဉ်များတွင် ပြန်လည်ပါဝင်နိုင်ရန်မျှော်လင့်နေကြောင်း သိရသည်။

ထို့ပြင် ခံစစ်ကစားသမား အာရှူဂျိုသည် ဥရုဂွေးလက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရပြီး နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ဂျပန်အသင်း၊ တောင်ကိုရီးယားအသင်းတို့နှင့် ခြေစမ်းပွဲစဉ်ကစားရမည်ဖြစ်သော်လည်း ကြွက်သားဒဏ်ရာကုသမှုခံယူရမည်ဖြစ်သောကြောင့် အသင်းလူစာရင်းမှနုတ်ထွက်ခဲ့ရကြောင်း သိရသည်။ ML


# WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဒီယွန်တေဝီဒါ ကြိုးဝိုင်းအတွင်းပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း ထုတ်ပြန်

**ဝါရှင်တန် မတ် ၂၁**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဒီယွန်တေဝီဒါသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် နောက်ဆုံးစိန်ခေါ်ပွဲကို ထိုးသတ်ထားသူဖြစ်ပြီး ယင်းနောက်ပိုင်း မိသားစုကို အချိန်ပေးချင်သည့်ဆန္ဒကြောင့် လက်ဝှေ့လေ့ကျင့်ခြင်းနှင့် စိန်ခေါ်ပွဲထိုးသတ်ခြင်းကို ခေတ္တရပ်နားထားသူဖြစ်သည်။

ဒီယွန်တေဝီဒါသည် ကမ္ဘာ့ချန်ပီယံခါးပတ်များအတွက် စိန်ခေါ်သူနေရာကိုပြန်လည်ရယူပြီး ကမ္ဘာ့ချန်ပီယံများကို ပြန်လည်စိန်ခေါ်လိုသည့်အတွက် ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Boxing Social သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီယွန်တေဝီဒါသည် လက်ဝှေ့လောကတွင် ထိုးချက်အပြင်းဆုံးနှင့် အသန်မာဆုံးသော လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသော်လည်း လက်ရှိ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဖြစ်သူ တိုင်ဆန်ဖျူရီကို နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ထားသူဖြစ်သည်။




တိုင်ဆန်ဖျူရီကို နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ခဲ့ရပြီးနောက် ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ဖင်လန်လက်ဝှေ့သမား ဟီလီနီယက်စ်နှင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်ခဲ့ပြီး ပထမအချီ၌ပင် အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဒီယွန်တေဝီဒါက "မိသားစုကို အချိန်ပေးပြီး ပျော်ရွှင်စွာဖြတ်သန်းခဲ့တဲ့အချိန်တွေဟာ ကြည်နူးစရာကောင်းပါတယ်။ မိသားစုနဲ့ပျော်ရွှင်စွာဖြတ်သန်းခဲ့ပြီး ဖြစ်တဲ့အတွက် အလုပ်ပေါ် အာရုံစိုက်မဲ့အချိန် ပြန်ရောက်လာပြီ။ မကြာခင် ကြိုးဝိုင်းထဲ ပြန်ဝင်တော့မယ်။ ပြင်ဆင်လေ့ကျင့်မှုတွေကိုလဲပြုလုပ်သွားမယ်။ ကျွန်တော်ဆုံးရှုံးထားတဲ့ ချန်ပီယံခါးပတ်တွေကို ပြန်ယူဖို့အတွက် အကောင်းဆုံးပြင်ဆင်မယ်"ဟု ပြောကြားခဲ့သည်။ AZL

# ပဲလေ့စ်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဟော့ဆန်ကို ယခုနှစ် ဘောလုံးရာသီအကုန်ထိခန့်အပ်

**လန်ဒန် မတ် ၂၁**

ပဲလေ့စ်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြဟောင်း တစ်ဦးဖြစ်သည့် ဝါရင့်နည်းပြကြီး ဟော့ဆန်ကို ယခုနှစ် ဘောလုံးရာသီအကုန်ထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ပဲလေ့စ်အသင်းက ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး ယခုနှစ်အတွင်း နိုင်ပွဲတစ်ပွဲမှရရှိခဲ့ခြင်းမရှိဘဲ လေးပွဲဆက်ရှုံးနိမ့်ခဲ့သည့်အတွက် နည်းပြဝီအဲရာကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထုတ်ပယ်ခဲ့ပြီး ယခုအခါ နည်းပြဟောင်း ဟော့ဆန်ကို ပြန်လည်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၇၅ နှစ်ရှိ နည်းပြဟော့ဆန်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့်နည်းပြတစ်ဦးဖြစ်ပြီး ပဲလေ့စ်အသင်းကိုလည်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ကာ ၎င်းအသင်းကို တာဝန်ယူကိုင်တွယ်သည့် အချိန်တွင် ပုံစံကောင်းတစ်ရပ် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

နည်းပြဟော့ဆန်သည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းကိုတာဝန်ယူကိုင်တွယ်နေသူဖြစ်ပြီး ပဲလေ့စ်အသင်းက ဟော့ဆန်ကို နည်းပြသစ်ခန့်အပ်လိုနေသည့်အတွက် ဝက်ဖို့ဒ်အသင်းနှင့် ဆွေးနွေးခဲ့ပြီးနောက် သဘောတူညီမှု ရရှိခဲ့သည့် ဟော့ဆန်က ဝက်ဖို့ဒ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး ပဲလေ့စ်အသင်းကို တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

STA

# ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် တိုက်စစ်မှူး အမ်ဘက်ပီကို ခန့်အပ်

**ပဲရစ် မတ် ၂၁**

ပြင်သစ်အသင်းနည်းပြဒက်ချမ့်က ပြင်သစ်အသင်းခေါင်းဆောင်ရာထူးအတွက် ဝါရင့်တိုက်စစ်ကစားသမား ဂရစ်မန်းကိုကျော်ပြီး လူငယ်ကစားသမား အမ်ဘက်ပီကို တာဝန်ပေးအပ်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။



အစောပိုင်းက နည်းပြဒက်ချမ့်က ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် ဝါရင့်ဂိုးသမား လိုရစ်ကို တာဝန်ပေးအပ်ထားသော်လည်း ယခုအခါ လိုရစ်သည် လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် လစ်လပ်နေသည့် အသင်းခေါင်းဆောင်နေရာအတွက် အမ်ဘက်ပီကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ပြင်သစ်အသင်းတွင် ဝါရင့်ကစားသမားအဖြစ် ဂရစ်မန်းနှင့် ဂီးရောဒ်တို့ရှိနေပြီး ဂရစ်မန်းသည် လက်ရှိအသင်းတွင် စီနီယာအကျဆုံးကစားသမားအဖြစ်ရှိနေသော်လည်း နည်းပြဒက်ချမ့်က အသင်း ခေါင်းဆောင်ရာထူးအတွက် ၎င်းကိုကျော်ဖြတ်ပြီး အမ်ဘက်ပီကိုသာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဂရစ်မန်း ကိုယ်တိုင်ကလည်း ၎င်းကိုကျော်ဖြတ်ပြီး လူငယ်ကစားသမား အမ်ဘက်ပီကို အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့သည့်အတွက် နည်းပြဒက်ချမ့်နှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေပြီး ယူရိုပြိုင်ပွဲခြေစစ်ပွဲအပြီးတွင် လက်ရွေးစင် ကစားသမားဘဝမှ အပြီးတိုင် အနားယူဖွယ်ရှိနေကြောင်း သိရသည်။

အမ်ဘက်ပီသည် အသက် ၂၄ နှစ်သာရှိသေးသော်လည်း ပြင်သစ်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံထားရသကဲ့သို့ ပီအက်စ်ဂျီ အသင်းတွင်လည်း မာကွင်ဟို၏နောက် ဒုတိယအသင်းခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခံထားရသူ ဖြစ်ကြောင်း သိရသည်။

STA

# WGC-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျက်စတင်သောမတ်စ် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်

**တက္ကဆက် မတ် ၂၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပသွားမည့် WGC-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက်လောက၏ အကောင်းဆုံး ကစားသမားများစာရင်းတွင် ရပ်တည်ခဲ့ဖူးသည့် ဂျက်စတင်သောမတ်စ်သည် ပုံစံကောင်းပျောက်ဆုံးနေသည့်အခြေအနေကြောင့် ပြိုင်ပွဲဝင်ခြင်းမှ ခေတ္တရပ်နားကာ ပြင်ဆင်လေ့ကျင့်မှုများ ပြန်လည်ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားခြင်းကြောင့် WGC-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မပါဝင်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဂျက်စတင်သောမတ်စ်သည် ယခင် ကမ္ဘာ့အဆင့်(၁၀)အတွင်း ပုံမှန်ရပ်တည်နိုင်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ပုံစံကောင်းများ ပျောက်ဆုံးခဲ့ပြီးနောက် လက်ရှိ ကမ္ဘာ့အဆင့်(၆၄) နေရာတွင် ရပ်တည်လျက်ရှိသည်။

ဂျက်စတင်သောမတ်စ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားခဲ့သည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်(၁၀) နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ဂျက်စတင်သောမတ်စ်က "Valspar Championship ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တဲ့အကြောင်းအရင်းကတော့ ဒီပြိုင်ပွဲကျင်းပတဲ့ ဂေါက်ကလပ်ကို ကျွန်တော်သဘောကျတယ်။ ကျွန်တော့်အကြိုက်ဆုံး ဂေါက်ကလပ် တစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မယ်လို့လဲ မျှော်လင့်မိလို့ပါ။ ကျွန်တော့်ရဲ့ကစားသမားဘဝ သက်တမ်းတစ်လျှောက် ခြောက်ကြိမ်တိုင်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ပြိုင်ပွဲဖြစ်တဲ့အတွက် ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ အခု WGC-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ ပါဝင်ယှဉ်ပြိုင်ဖြစ်တော့မှာမဟုတ်ပါဘူး။ အနားယူအုံးမယ်။ ပြင်ဆင်စရာရှိတာတွေကိုအာရုံစိုက်ပြီး ပြင်ဆင်ချင်သေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် ကမ္ဘာ့အဆင့်(၁)နေရာသို့ တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပသွားခဲ့သည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာကို ဂျိုကိုဗစ်ထံမှ လွှဲပြောင်းရယူနိုင်ခဲ့ကြောင်း Zee News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို တက်ရောက်လာနိုင်ခဲ့သော်လည်း တင်းနစ်လောက၏ အအောင်မြင်ဆုံးကစားသမားအဖြစ်ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ၁၈ နှစ်အတွင်း ပထမဦးဆုံးအကြိမ် ကမ္ဘာ့အဆင့်(၁၀)ပြင်ပသို့ ကျဆင်းခဲ့သည်။

ဒဏ်ရာပြဿနာများဖြင့်ရုန်းကန်နေရသည့် ရာဖေးလ်နာဒယ်သည် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်ကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၁၃)နေရာသို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျိုကိုဗစ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသည့်အတွက် Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့သောကြောင့် ကမ္ဘာ့အဆင့်(၁)နေရာကို ကာကွယ်နိုင်ခြင်းမရှိတော့ဘဲ ကမ္ဘာ့အဆင့်(၂)နေရာသို့ ရောက်ရှိခဲ့သည်။

အသက် ၁၉ နှစ်အရွယ် အယ်ကာရက်ဇ်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်လည်း ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့ဖူးသူဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် စတင်ရပ်တည်နိုင်ခဲ့စဉ်က အသက် ၁၈ နှစ်အရွယ်သာ ရှိသေးသည့် အယ်ကာရက်ဇ်သည် တင်းနစ်လောကတွင် ရာဖေးလ်နာဒယ်နောက်ပိုင်း ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နိုင်ခဲ့သော အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူလည်း ဖြစ်သည်။

အယ်ကာရက်ဇ်အနေဖြင့် ၂၀၂၃ ခုနှစ် ရာသီအစပိုင်းတွင် ဝမ်းဗိုက်ကြွက်သားဒဏ်ရာကြောင့် အဓိကပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရကာ ဂျိုကိုဗစ်က ကမ္ဘာ့အဆင့်(၁)နေရာကို ရယူခဲ့သည်။

ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် အယ်ကာရက်ဇ်သည် ၁၉ ပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# နော်ဝေအသင်းတိုက်စစ်မှူး ဟာလန်း ယူရိုခြေစစ်ပွဲများနှင့် လွဲချော်မည်

**လန်ဒန် မတ် ၂၁**

နော်ဝေအသင်း အဓိကတိုက်စစ်ကစားသမား ဟာလန်းသည် ပေါင်ခြံဒဏ်ရာရရှိနေသည့်အတွက် ယူရိုပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် နော်ဝေအသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာလန်းသည် ယူရိုပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် နော်ဝေအသင်း အပြီးသတ်ကစားသမားစာရင်းတွင် နည်းပြဆော်ဘက်ကင်က ရွေးချယ်ထားသော်လည်း လက်ရှိတွင် ပေါင်ခြံဒဏ်ရာရရှိနေပြီး ကြံ့ခိုင်မှု မပြည့်ဝသည့်အတွက် နော်ဝေအသင်း ကစားသမားစာရင်းမှနုတ်ထွက်ခဲ့သည်ဟု နော်ဝေနိုင်ငံဘောလုံးအဖွဲ့ချုပ်က အတည်ပြုကြေညာခဲ့သည်။

ဟာလန်းသည် နောက်ဆုံးကစားခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ် ပွဲစဉ်ဖြစ်သည့် ဘန်လေအသင်းနှင့် ပွဲစဉ်တွင်ပါဝင်လာခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲချိန် ၆၃ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဟာလန်းအနေဖြင့် ယူရိုခြေစစ်ပွဲကစားမည့် နော်ဝေအသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သော်လည်း ဒဏ်ရာမှာပြင်းထန်မှုမရှိသည့်အတွက် လာမည့် ဧပြီ ၁ ရက်တွင်ကစားမည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

နော်ဝေအသင်းသည် ယူရိုပြိုင်ပွဲခြေစစ်ပွဲစဉ်အဖြစ် မတ် ၂၆ ရက်တွင် စပိန်အသင်းနှင့်လည်းကောင်း၊ မတ် ၂၈ ရက်တွင် ဂျော်ဂျီယာအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ခေတ်မီတပ်မတော်သည်သာလျှင်

**မောင်စိန်အိ (နဘဲမြေ)**

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ခြိမ်းခြောက်ထိပါးလာသူများ၏ အန္တရာယ်မှကာကွယ်ရန်အတွက် စနစ်တကျဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ရှိရန် လိုအပ်ပေသည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တစ်ရပ်ရှိနေသည့် နိုင်ငံတစ်နိုင်ငံကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးက အသိအမှတ်ပြုလေးစားနေရသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထိုသဘောတရားအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း ခေတ်မီတပ်မတော်ကို တိုင်းရင်းသားပေါင်းစုံဖြင့် အင်အားတောင့်တင်းခိုင်မာအောင် ဖွဲ့စည်းထားရှိသည်။

**ခိုင်မာသော သမိုင်းကြောင်း**

မြန်မာနိုင်ငံသည် ရှည်လျားခိုင်မာသော သမိုင်းကြောင်းများနှင့် ရပ်တည်ခဲ့သည်ကို လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြသလျက်ရှိသည်။ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ခမ်းနားထည်ဝါစွာ နေနိုင်ခဲ့သည်ကိုလည်း ဘုရင့်နောင်၊ အနော်ရထာနှင့် အလောင်းမင်းတရားကြီးတို့၏ ခေတ်ကာလများတွင် မော်ကွန်းတင်ခဲ့သော ခိုင်မာသည့် သမိုင်းအထောက်အထားများ ရှိနေပေသည်။ ထိုခေတ်ထိုအခါက မြန်မာဆိုလျှင် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံကြီးများကပါ အထင်ကြီးလေးစားတန်ဖိုးထားခဲ့ကြရသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် ပြည်သူများ၏ အသက်သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရသည်။

**တပ်မတော်ဖွဲ့စည်း**

မျိုးချစ်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုတွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထိုစဉ်က တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေ နေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာကိုပင် ပေးဆပ်ကာ တိုက်ခိုက်သွားမည်ဟု သစ္စာဆိုလျက် လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ၍ ဝင်ရောက်ခဲ့ကြသည်။ ထိုစဉ်က တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးလိုသောပြည်သူများသည် ကိုယ်ကျိုးမဖက်ဘဲ တပ်မတော်အတွင်းသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြသည်။ ထိုသို့ အင်အားကြီးထွားလာမှုကြောင့် ဖက်ဆစ်တို့သည် ၎င်းတို့ကို ပြန်လည်တော်လှန်တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည့်အတွက် ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် (Burma Defence Army-BDA)အဖြစ် အင်အား ၃၀၀၀ ခန့်ဖြင့်သာ ပြန်လည်ဖွဲ့စည်း ခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံအပေါ် ခြယ်လှယ်ချင်သူမှန်သမျှသည် တပ်မတော်အင်အားတောင့်တင်းသည်ကို လက်ခံနိုင်ခြင်းမရှိဘူးဆိုသည့် အချက်ကို သမိုင်းက သက်သေပြလျက်ရှိသည်။

**တပ်မတော်နေ့**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်၌ ရွှေတိဂုံစေတီ အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ "မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကိုရှာပြီးတိုက်ကြ" ဟု အလေးအနက်ထား ပြောကြားခဲ့သည်။ ထိုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်သည် ဖက်ဆစ်များကို အတိအလင်းစစ်ကြေညာကာ မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီးဆင်နွှဲခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် ထိုနေ့ထိုရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ရာ ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ၇၈ နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

ဘီအိုင်အေ၊ ဘီဒီအေက စတင်သန္ဓေတည်ခဲ့သည့် မျိုးချစ်တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ လေ့ကျင့်မှုများဖြင့်ပြည့်ဝလာပြီး ရန်သူကိုရင်ဆိုင်တိုက်ခိုက်နိုင်သည့်အဆင့်ထိ ရောက်ရှိလာခဲ့ပေသည်။ ထိုအချိန်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ပင်ဖြစ်နေပေသည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် အချိန်ကစပြီး ပြည်သူလူထုနှင့်တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့်အတွက်လည်း ပြည်သူ့တပ်မတော်အသွင်မျိုးဖြစ်လာခဲ့သည်။

ထို့ကြောင့် တပ်မတော်အင်အားကြီးထွားလာမှုကို ဖက်ဆစ်များနှင့်နယ်ချဲ့တို့ပင် ဖိမ့်ဖိမ့်တုန်ခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံအပေါ် ရေရှည်ထိန်းချုပ်ကျွန်ပြုလိုသူများသည် ထိုနိုင်ငံ၏ ကာကွယ်ရေးအင်အားချည့်နဲ့နေအောင် အမျိုးမျိုးကြံစည်ဆောင်ရွက်လေ့ရှိကြသည်။ နယ်ချဲ့တို့၏ စဉ်းလဲကောက်ကျစ်သောသဘောသဘာဝကို ကောင်းစွာသိရှိထားသော မျိုးချစ်မြန်မာများသည်တပ်မတော်ကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး အင်အားတောင့်တင်းခိုင်မာအောင် စုဖွဲ့လေ့ကျင့်ကာ လွတ်လပ်ရေးပြန်လည်ရရှိသည်ထိ ကြိုးပမ်းနိုင်ခဲ့ကြသည်။

**ပြည်တွင်းသောင်းကျန်းသူများနိမ်နင်းခဲ့ရ**

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုများလည်း ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်၊ ၁၉၅၀ ပြည့်လွန်ကာလများတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများက နေရာဒေသအသီးသီးကို သိမ်းပိုက်ထားခဲ့သည်။ ထိုစဉ်က အာဏာရ ဖဆပလအစိုးရသည် ရန်ကုန်မြို့ကွက်ကွက်ကလေး၌သာ အာဏာစက်ရှိခဲ့သည်။ သောင်းကျန်းသူများသည် ရန်ကုန်မြို့ကိုပင် သိမ်းရန် ကြိုးပမ်းလာသဖြင့် တပ်မတော်သည် ရှိသမျှအင်အားကိုစုစည်းကာ သောင်းကျန်းသူတို့ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသော မြို့များကို ပြန်လည်တိုက်ယူ၍ နိုင်ငံတော်ကို ကာကွယ်ခဲ့ရသည်။ ထို့ပြင် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပကျူးကျော်သူ တရုတ်ဖြူများကိုလည်း ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရသည်။

**အရေးကြုံတိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည်ခဲ့**

တပ်မတော်သည် စတင်သန္ဓေတည်ခဲ့သည့် ၁၉၄၁ ခုနှစ်မှ ယနေ့အချိန်ထိ တိုင်းပြည်နှင့်လူမျိုးအတွက် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရသည်။ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဦးလည်မသုန်ထမ်းရွက်လျက်ရှိသည်။ တိုင်းပြည်အတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းမှုများကို လက်ရှိအချိန်ထိ နှိမ်နင်းတိုက်ခိုက်နေရဆဲပင်ဖြစ်သည်။ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုများနှိမ်နင်းရာတွင် တပ်မတော်သားများ၏ အသက်သွေး၊ ချွေး များစွာပေးဆပ်ခဲ့ရသည်။

ထို့ပြင် ပြည်ပကျူးကျော်သူများကိုလည်း တိုက်ထုတ်ချေမှုန်းခဲ့ရသည်။ တိုင်းပြည်အတွင်း အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ခဲ့ရသည့် အချိန်ကာလများတွင်လည်း တပ်မတော်သည် ကျရာတာဝန်ကို စစ်မှန်သော စေတနာသန့်သန့်ဖြင့်သာ အကောင်းဆုံးထမ်းရွက်ခဲ့သည်သာဖြစ်သည်။ ထိုသို့ နိုင်ငံတော်တာဝန်ကို စီမံခန့်ခွဲအုပ်ချုပ်ရသည့်ကာလများတွင် တပ်မတော်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားများ၊ ဆည်တမံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဆက်သွယ်ရေးစခန်းများကို တည်ဆောက်ပေးခဲ့သည်။ အထူးသဖြင့် ဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည်။

**ဒီမိုကရေစီအုတ်မြစ်ချခဲ့**

တပ်မတော်သည် နိုင်ငံတကာဖြစ်စဉ်များကို သင်ခန်းစာဖော်ထုတ်ပြီးနောက် မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝပြီး စစ်မှန်သောဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများကို အဆင့်အလိုက်ချပေးခဲ့သည်။ ထိုသို့ စနစ်တကျစီမံနိုင်မှုကြောင့် ၂၀၁၁ ခုနှစ်တွင် အရပ်သားများဖြင့် ဖွဲ့စည်းထားသော ဒီမိုကရေစီအစိုးရသို့ အာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။ ဒီမိုကရေစီအစိုးရသက်တမ်းတွင် တပ်မတော်သည် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည်။

**❖ နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရထည်ဝါစွာ ရပ်တည်နိုင်ရန်သည် အင်အားတောင့်တင်းပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ရှိနေရန် လိုအပ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထိုဂုဏ်အင်္ဂါရပ်နှင့်ပြည့်စုံသော တပ်မတော်တစ်ရပ် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ထိုတပ်မတော်သည် ခေတ်အဆက်ဆက်တွင် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် စစ်မှန်သောစေတနာ ထာဝစဉ်ထားရှိကာ ထမ်းဆောင်လျက်ရှိသည်။ ❖**

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အလွှာပေါင်းစုံမှ ပညာရှင်များဖြင့် အချိန်ယူရေးဆွဲခဲ့ပြီး မဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်သည့် ပြည်သူ ၂၅ သန်းခန့်က ထောက်ခံအတည်ပြုခဲ့ကြသည်။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရှိသည့်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်သည် သံသယဝင်စရာမလိုသော အရှိတရားပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် ရည်ရွယ်ကာရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကာကွယ်စောင့်ရှောက်သွားမည်သာဖြစ်သည်။ တပ်မတော်သည် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားများ အခိုင်အမာရှိနေသည်။

**သယ်ပိုးဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့ပြီး တည်ဆဲအစိုးရသည် လွှတ်တော်များခေါ်ယူကာ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်အာဏာကို ခေတ္တရယူထမ်းဆောင်ခဲ့ရသည်။ ထိုအချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ချမှတ်ကာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။

သို့သော် ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံရေးအစွန်းရောက်များနှင့် အချို့သော EAO များ၏ အထောက်အပံ့ရယူထားသော CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လာကြသည်။ လူသတ်၊ မိုင်းထောင်၊ မီးရှို့၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ဆက်ကြေးတောင်းစသည့် လူမဆန်သောလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။ ထို့ကြောင့် တပ်မတော်သည် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းလုံခြုံစွာ သွားလာလုပ်ရှားလုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတာဝန်များကို တိုးမြှင့်ထမ်းဆောင်လျက်ရှိသည်။ အထူးသဖြင့် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးကို အထူးအလေးထား ဖော်ဆောင်လျက်ရှိသည်။

**တပ်မတော်သည်သာလျှင်**

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရထည်ဝါစွာ ရပ်တည်နိုင်ရန်သည် အင်အားတောင့်တင်းပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ် ရှိနေရန်လိုအပ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထိုဂုဏ်အင်္ဂါရပ်နှင့်ပြည့်စုံသော တပ်မတော်တစ်ရပ် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ထိုတပ်မတော်သည် ခေတ်အဆက်ဆက်တွင် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် စစ်မှန်သောစေတနာ ထာဝစဉ်ထားရှိကာ ထမ်းဆောင်လျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုတပ်မတော်သည် အမျိုးသားရေး တာဝန်များကို အတိတ်ကာလကကျေပွန်စွာ ထမ်းဆောင်ခဲ့သကဲ့သို့ မျက်မှောက်ကာလတွင်လည်း သတိကြီးစွာဖြင့် ထမ်းဆောင်လျက်ရှိသည့်အပြင် အနာဂတ်ကာလ၌လည်း မလွဲမသွေ ကာကွယ်ထမ်းဆောင်သွားမည်သာဖြစ်ပါကြောင်း ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ရေးသားလိုက်ရပါသည်။

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲကို မတ် ၂၇ ရက်မှ ၃၁ ရက်ထိ ပြသမည်



**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲကို မတ် ၂၇ ရက်မှ မတ် ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်သည့် ပန်းချီမြတ်မင်းထွေး၊ ပန်းချီသူရိန်မြိုင်၊ ပန်းချီ အောင်သူငြိမ်း၊ ပန်းချီ မျိုးညွန့်၊ ပန်းချီ သန်းဆိုင်၊ ပန်းချီ မိုးညို၊ ပန်းချီ မြင့်သန်း၊ ပန်းချီ စောတင့်ဝေ၊ ပန်းချီ မောင်ကျော်ခေါင်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ ဝင်းမြတ်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၅၅ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဈေးကွက်ထဲမှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာတွေရဲ့ လက်ရာစုံပန်းချီကား ၅၅ ကားကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေပါသလို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲပါပါမယ်။ လက်ရာစုံ၊ ရှုထောင့်စုံ၊ လူစုံအောင် စုစည်းထားပါတယ်”ဟု ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Faces of Death ဇာတ်ကား၌ ဘာဘရာဖာရီးယားနှင့် ဒါခရီဖောင်ဂိုမာရီတို့ ပါဝင်မည်

**နယူးယောက် မတ် ၂၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Faces of Death ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဘာဘရာဖာရီးယားနှင့် မင်းသား ဒါခရီဖောင်ဂိုမာရီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားသည် ဟောလိဝုဒ်ရုပ်ရှင်လောက၏ ဂန္ထဝင်ထိတ်လန့်သည်းဖို ဇာတ်ကားတစ်ကားဖြစ်သော Faces of Death ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မူလ Faces of Death ဇာတ်ကားသည် သေခြင်းနှင့် ရှင်ခြင်းကြား အသွင်ကူးပြောင်းမှုအချိန်ကို အလွန်စိတ်ဝင်စားသော ဓာတ်ခွဲခန်းပညာရှင်တစ်ဦး ရင်ဆိုင်ခဲ့ရသည့်အဖြစ်အပျက်များကို ပုံဖော်ရိုက်ကူးထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Faces of Death ဇာတ်ကားကို ဒါရိုက်တာ အီဆာမက်ဗိုင်းနှင့် ဒန်နီယယ်ဂိုးဘာဘာတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းတို့ကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။

Faces of Death ဇာတ်ကားတွင် မင်းသမီး ဘာဘရာဖာရီးယားနှင့် မင်းသား ဒါခရီဖောင်ဂိုမာရီတို့သည် အဓိကဇာတ်ကောင်များအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

KKO




# မျက်နှာဖုံးချစ်သူ ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၆ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် မတ် ၂၁**

မျက်နှာဖုံးချစ်သူ ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၆ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် အေးသီတာက ပြောပြ၍ သိရသည်။

မျက်နှာဖုံးချစ်သူ ရုပ်သံဇာတ်လမ်းတွဲကို ဇာတ်လမ်းနှင့် ဇာတ်ညွှန်း အေးမို့မို့အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကျော်မင်းသိန်းက ပုံဖော်ရိုက်ကူးထားကြောင်း၊ Forever Group ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး ဇာတ်လမ်းတွဲတွင် အပိုင်း (၁၆) ပိုင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

“Forever Group က ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အားလုံးအပိုင်း (၁၆) ပိုင်းလောက်ပါလိမ့်မယ်။ ဒရာမာအပျော်ဇာတ်လမ်းလေးဆိုပေမဲ့ စိတ်ဝင်စားအောင် ရိုက်ကူးထားတာကြောင့် အားပေးကြပါအုံး”ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။




အဆိုပါ ဇာတ်လမ်းတွဲတွင် MRTV-4 ရုပ်သံလိုင်းမှ သရုပ်ဆောင်များဖြစ်ကြသည့် ကျော်ဆု၊ အောင်ပိုင်၊ ဝေယံလင်း၊ ငြိမ်းချမ်း၊ ဆက်ယွန်းတွယ်တာ၊ ဆုထက်ထက်ကျော်၊ အိမ့်ချစ်ချစ် စသည့် သရုပ်ဆောင်များအပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ထူးသာ၊ မင်းသူ၊ အေးသီတာ၊ လှမျိုးသဉ္ဇာနွယ်၊ ဂွမ်းပုံကြီးတို့က အားဖြည့်ပါဝင်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

ASH

# Twisters ဇာတ်ကားတွင် မင်းသမီး ဒေစီအဂ္ဂါဂျုံး သရုပ်ဆောင်မည်

**နယူးယောက် မတ် ၂၁**

Twisters ဇာတ်ကားတွင် မင်းသမီး ဒေစီအဂ္ဂါဂျုံး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Twisters ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် ဇာတ်ကောင်များအနက် မင်းသမီး ဒေစီအဂ္ဂါဂျုံး တစ်ဦးတည်းကိုသာ ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်းဖြစ်သည်။

Twisters ဇာတ်ကားသည် Twisters(1996) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် သဘာဝဘေးအက်ရှင်ဇာတ်ကားဖြစ်သည်။

Twisters ဇာတ်ကားတွင် မင်းသမီး ဒေစီအဂ္ဂါဂျုံးသည် တာဝန်မှ အနားယူထားသည့် မုန်တိုင်းရှာသူတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Twisters ဇာတ်ကားကို ဒါရိုက်တာ လီအိုင်းဆက်ချောင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့၌ လမ်းလျှောက်သင်္ကြန် ပြုလုပ်သွားမည်

**ရန်ကုန် မတ် ၂၁**

ယခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့၌ လမ်းလျှောက်သင်္ကြန် ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)မှ လက်ထောက်အင်ဂျင်နီယာ ဦးဆွေဆက်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမရှေ့တို့တွင် သင်္ကြန်မဏ္ဍပ်များကို ဆောက်လုပ်နေပြီဖြစ်ကြောင်း၊ ပြည်သူ့ရင်ပြင်အတွင်း ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန် ရေသဘင်ပွဲတော်ဗဟိုမဏ္ဍပ်ကို တည်ဆောက်နေပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၏ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များကိုလည်း တည်ဆောက်နေကြောင်း သိရသည်။

“ဒီနှစ် ရန်ကုန်မဟာသင်္ကြန်ပွဲတော်မှာ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှိပါမယ်။ ခန်းမရှေ့က မဟာဗန္ဓုလပန်းခြံရှေ့မှာ လမ်းလျှောက်သင်္ကြန်ရှိမှာဖြစ်ပါတယ်။ နောက်ပြည်သူ့ရင်ပြင်ထဲမှာ ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ရေသဘင်ပွဲတော်ဗဟိုမဏ္ဍပ်ရှိပါမယ်။ အဲဒီမှာလဲ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်ရှိမှာဖြစ်ပါတယ်။ မြို့တော်ခန်းမရှေ့က မဏ္ဍပ်ကတော့ ယိမ်းပြိုင်ပွဲတွေပါမှာပါ။ ၁၂ ယောက်၊ ၁၆ ယောက်၊ အယောက် ၂၀ ယိမ်းတွေပါမယ်။ နောက်တစ်ခါ မူကြိုကလေးတွေ၊ အခြေခံပညာကျောင်းအဆင့်တွေ၊ တက္ကသိုလ်အဆင့်တွေရဲ့ယိမ်းတွေပါမယ်။ ပြည်သူ့ရင်ပြင်ထဲကျတော့လဲ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်တွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေပါမယ်”ဟု ဦးဆွေဆက်က ပြောပြသည်။

ယခုနှစ် ပြုလုပ်မည့် ကျင်းပမည့် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပြည်သူများအနေဖြင့် လုံခြုံစွာ ရေကစားနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ASH

# Financial Commission Chairman SAC Chairman PM Senior General Min Aung Hlaing delivers speech at Financial Commission Meeting 1/2023


Senior General Min Aung Hlaing delivers address at Financial Commission meeting.

**Nay Pyi Taw March 21**

The Financial Commission held meeting 1/2023 at the meeting hall of the State Administration Council Chairman Office in Nay Pyi Taw this afternoon, with an address by Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing.

Also present at the meeting were Vice Chairman of the commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Commission secretary Deputy Prime Minister and Union Minister for Planning and Finance U Win Shein, Union Minister for Legal Affairs Attorney-General of the Union Dr Thida Oo, Auditor-General of the Union U Tin Oo, Chairman of Nay Pyi Taw Council U Tin Oo Lwin and deputy ministers together with chief ministers of regions and states through video conferencing.

First, Financial Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing delivered an address, saying that today's financial commission meeting 1/2023 was to discuss and approve **the 2023-2024 financial year Union budget and the Union budget bill.**

After approving them, the Union government will submit the bill to the State Administration Council for emnacting it as a law with the recommendation of the financial commission.

The State Administration Council was reconstituted on 1 February 2023 and it adopted the five-point roadmap and 12 objectives. So, the 2023-2024 FY budget will be the plans of the Union government for contributing to the implementation of the roadmap and 12 objectives.

Especially, relevant ministries need to spend the fund on prioritized sectors and regions to implement four economic objectives: **To enhance development based on agriculture and livestock using modern production techniques and to strengthen all-round development in other sectors of the economy; To develop a stable market economy and promote international investment in order to enhance the economic development of the entire National people; To assure support for the sustainability of Micro-, Small- and Medium-Sized Enterprises (MSMEs) that prioritize import substitution, export production, and the use of domestically produced raw materials, in order to increase domestic production and generate employment opportunities; and To advance the socio-economic life of the people, in order to ensure the country's prosperity and food security.**

In earmarking the budgets for 2023-2024 FY, departments and enterprises are to set the approximate plans in implementation, strive for exceeding the target income so as to adjust the budget deficit, prioritize the expenditures for quickly contributing to the economic development of the State and increasing the expenditures to enhance the people's socioeconomic life and systematically spend other expenditures.

With regard to expense for debts, the government prioritizes the budget for paying back the foreign loans and interests on time as a responsible country.

As global and regional countries are facing the downtrend of State economy, decline of foreign exchange rate and high prices of fuel oil and general commodities which occur together with outbreak of Covid-19, developing countries like Myanmar needs to carefully spend the public finance.

Moreover, the government allows expenditures for education, health and social protection for development of human resources essential for the State, sports, religious affairs and cultural expenditures. As budget allocation depends on income situation of the Union, only when Union ministries and region/state governments fully achieve earmarked incomes in the financial year can the government spend the earmarked expenditures.

The government is conducting transparent management of the people's fund under the law, orders and directives are released on spending of expenditures to be in line with financial rules, procedures, tender rules and disciplines, and accepting auditing.

The Senior General urged all financial commission members to take part in discussions on the Union budget and the Union budget bill for 2023-24 FY which will be reported by the financial commission secretary Union Minister for Planning and Finance for the Union government to submit them to the State Administration Council.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, also Vice Chairman of the Financial Commission, said he reviewed and scrutinized the budgets and spending essential for national projects, education for human resource development, health and socio-economic progress over the estimated budgets for 2023-2024 of respective union level departments and organizations and regions and states already scrutinized by respective departments, organizations and region/state governments under the supervision of the Ministry of Planning and Finance.

He added that proportionate budgets for regions and states are being allotted annually with the use of six socio-economic indexes after adopting middle-term financial frameworks.

Next, Commission Secretary Deputy Prime Minister Union Minister U Win Shein explained the 2023-2024 budget and the budget bill of the Union.

The Union Auditor-General reported on the findings, reviews and points to be adopted in accord with the financial rules.

In his concluding remark, the Senior General said **the 2023-2024 financial year Union budget and the Union budget bill** were approved at the commission's meeting today. For the law enactment, the Union government will submit them along with an endorsement from the Financial Commission to the SAC.

He stressed the need for heads of departments and organizations themselves to supervise so as to earn income as they have targeted. The respective departments are urged to strive for the State to receive revenues fully in accord with the existing laws. Respective ministries also need to try to increase the incomes of State-owned economic organizations that are not payable taxes. They must try to meet their targets by systematically reviewing the prevailing conditions.

Moreover, there must be balance between projects and budgets while constant supervision is necessary in implementing those projects. Systematic auditing is also required in relation to income and spending.

Like the peace process for the establishment of a Union based on democracy and federalism, plans for national economic development are crucial. The State is encouraging in all aspects for the development of agricultural and livestock breeding businesses, rural areas and MSMEs. While budgets are being allotted, assistance is also being rendered for capital and investment by raising funds such as the State economic development fund, the special Covid-19 fund and MSME development fund.

All the departments and organizations are urged to cooperate and work hard as a national duty for national prosperity, food security, domestic manufacturing development, an export-reliant country instead of an import-reliant one, enough domestic oil supply, increased job opportunities and improved income of individuals.

Low domestic manufacturing and insufficient domestic consumption have caused import reliance and trade deficits. So, our government is encouraging domestic production while taking measures to resume operations of State-owned factories. Domestic production of enough quality consumer goods can reduce foreign exchange spending.

Budgets for electricity generation have also been increased to be able to supply enough electricity for national development tasks. The regions and states for their part need to try to generate electricity in a short time. Likewise, it is necessary not to waste electricity in the distribution sector. Relevant ministries and organizations are to try to ensure a balance between power purchase and distribution.

The Union, regions and states are to work hard for national economic development by implementing the roadmap and objectives adopted by the State, the Senior General concluded. 100

# Chairman of National Planning Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses National Planning Commission meeting 1/2023



Senior General Min Aung Hlaing addresses National Planning Commission meeting.

**Nay Pyi Taw March 21**

National Planning Commission held meeting 1/2023 at the meeting hall of State Administration Council Chairman's Office here this morning, addressed by Chairman of the commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of the commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, commission member Union ministers, the Union auditor-general, the Union Civil Service Selection Board chairman, the Central Bank of Myanmar governor, the Nay Pyi Taw Council chairman and deputy ministers. Chairmen of regions and states and self-administered area leading bodies took part in the meeting through video conferencing.

In his address, the Senior General said SAC after amending the financial year in October 2021 adopted national plans for the six-month interim period and the financial year 2022-2023. The current national plan for fiscal year 2022-2023 is a full term plan.

During fiscal year 2020-2021 starting from October 2020 to September 2021 there was a 5.9% drop in economic growth. But the nation saw a 2.4% economic growth in the six-month interim period and 3.4% economic growth in the first six months of fiscal year 2022-2023. The provisional estimated growth for the whole fiscal year is 3.4%, according to the relevant departments.

Full capacity running of internal production businesses is important for national economic development. The said businesses will ensure local food sufficiency by fulfilling the food demand. Moreover, the country will be able to reduce imports and increase exports. A strong production sector will generate job opportunities. Hence, efforts should be made to develop all parts of the production chain.

Modern methods must be applied in the farming business that is based on rural areas; and inputs must be effectively used for production development. Moreover, rural income generation programs must be implemented. Further work programs include growing of promising crops, manufacturing of value-added goods, selecting quality seeds, realizing the targets and quality improvement.

In the nation, 30% of the population is urban dwellers and the remaining 70%, rural dwellers. Rural development will promote socio-economic progress, reduce rural-urban gap and ensure harmonious development in the entire country. The State will continue to promote people-centred development undertakings that cover every person and area.

Continued efforts are required to realize the sunflower cultivation goal and to help ensure domestic oil sufficiency. Difficulties faced in monsoon and winter sunflower cultivation seasons should be taken as lessons in trying to realize the goal through the involvement of farmers.

Efforts should be made with added momentum for development of the farming and MSMEs, which are permitted to receive financial aid from national economic development fund, and for fulfilling the local demand more.

Completion of projects in a fixed period is important, and the completion of ongoing projects should be prioritized. Especially, soonest completion of certain hydropower projects delayed for various reasons will fulfill the electricity demand in time. Likewise, efforts should be made to complete renewable energy generation projects in accord with the schedule.

Proper supervision should be made for the local industries to realize and exceed their targets in producing imported commodities, iron, steel and chemical fertilizers. Factories must fulfill local demand through quality control measures. Assistance should be provided to enhance the private sector's production and services as its development is also vital.

Multiple means must be applied in inviting more local and foreign investment for the country, and the investment projects must be launched in time with the effective departmental coordination.

Only the good infrastructure will support national economic growth, facilitate transport between the different places, and reduce rural-urban gap. Hence infrastructure development is a priority task.

Other urgent areas include all-inclusive healthcare, extension of life expectancy, reduction of child and expectant maternal mortality rate and reduction of death rates caused by infectious and non-infectious diseases. A healthy human society can only be built through promoting health awareness and establishing a healthy lifestyle. Hence, individual health knowledge and extended health awareness campaigns are required to reach this end.

Measures are being taken to construct housing for doctors and nurses who are performing in the health sector and to implement further projects for the development of healthcare infrastructures and services while spending for the health sector has been increased.

Annual budget spending has also been increased to build a strong and healthy society and to enhance the sports sector, which helps win a good reputation for the country while standard soccer pitches, stadiums, running tracks and swimming pools are being built in respective states and regions.

In connection with the education sector, efforts are being made to enhance education standards and to create learning opportunities for everyone. Since the SAC took office, the KG + 9 compulsory education system has been implemented. Education spending has been increased to carry out construction tasks such as the construction of new KG + 9 and KG + 12 school buildings, the renovation of dilapidated school buildings and building sufficient classrooms.

To nurture skilled laborers who are necessary for the manufacturing and services sector, plans have been approved to construct lecture halls and practical rooms to open 51 technical, agricultural and livestock breeding schools in 50 districts in cooperation with the Ministry of Agriculture, Livestock and Irrigation, the Ministry of Education, and the Ministry of Science and Technology. In addition to taking measures to guarantee jobs linked to worksites and to enable outstanding students to acquire advanced education in relevant academic disciplines, stipends have been offered to them.

As regards school learning, the rates of school learning for each age group have dropped gradually, according to the interim census (2019). It was learnt that the school learning rate for the age group between 14 and 15 years of ages stood at 76 percent and the rate for the age group between 15 and 24 years of ages dropped to 31.6 percent while that for the age group of 25 years and above fell only to 0.3 percent, according to the census. As the data bode ill for the future of the country, concerted efforts must be made to raise the school learning rate of all school-aged children and to reduce the drop-out rates.

Moreover, in order to achieve a future teeming with knowledge and technical know-how, measures must be taken to make opportunities for lifelong learning accessible to all, to create an education system that places emphasis not only on quantity but also on quality and to nurture human resources instilled with knowledge and technical know-how. Students are required to be enthusiastic about learning while parents, teachers and the society must cooperate with them.

As global warming encountered by the entire world causes disastrous environmental impacts and hinders development,

*See Page 14*

*From Page 13*

it is necessary to carry out environmental conservation tasks with all seriousness. Efforts must always be made to conserve forests and trees and to expand forest coverage.

It was revealed that countries are likely to face more risks ahead due to natural disasters and climate change. Therefore, it is necessary to develop preparedness plans systematically to reduce the damage caused by extreme weather conditions to crops and buildings. Moreover, measures must be taken to issue natural disaster warnings to rural residents in real time and to speed up social protection programs for vulnerable groups.

Fuel prices have risen in the entire world due to global geopolitical tensions and ongoing conflicts. Resulting higher commodity prices, interest rate hikes and volatile exchange rates have increased the amount of debts, leading to the depreciation of the local currency. As a consequence, some countries have faced hardships like shortages of food and fuel.

Therefore, one of the national objectives of the government is to achieve prosperity of the country and security of food, water and basic needs. Instructions have been issued to reduce the consumption of fuel and to effectively utilize energy. It is necessary to follow the instructions and to ensure the compliance of the instructions. As imports and use of electric vehicles have been introduced as a pilot project, concerted efforts must be made for the long term implementation and development of the project. Only then, can the consumption of fuel be reduced and a carbon-free environment be achieved. Measures must be taken to generate electricity to its full potentials, to complete power generation projects under construction as soon as possible, to comprehensively implement small-scale hydropower projects in respective areas and to reduce electricity consumption while efforts are being made to launch solar and wind power projects, high-tech coal-fired power plant projects and nuclear power plant projects.

In developing and implementing such projects, it is necessary to monitor their progress, targeted completion and spending properly. Emphasis must be placed on enabling the public to enjoy their benefits as soon as possible.

Further efforts must be made to take practical actions to achieve the tasks being carried out by the government, which has been serving the national interests, and every action must be taken by considering long-term durability. Every action must be taken in accordance with rules and regulations effectively and documented properly.

It is learnt that the national project for the fiscal year 2023-2024 to be presented today will be implemented linked with the Five-point Roadmap and 12 Objectives of the State. It is to make efforts to meet the set targets in implementation of projects through regular reviews from time to time. Matters needed to be adjusted are to be done timely. Special consideration must be given more to ensure strong reports.

Through constant efforts of review and analysis on implementation of the set projects, the nation's economic growth could exceed the growth in the pre-pandemic period.

Therefore, to meet the goals, all need to work together in accordance with the policies and guidelines laid down by the State.

Then, the Vice-Chairman of the Commission Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address saying it is seen that the national project to be approved for the fiscal year 2023-2024 at the meeting is drawn with the aim of ensuring prosperity of the nation and food security and long-term People-centered development.

It is necessary to focus on timely completion of tasks, spending equivalent to the volume of tasks done, and completion of the tasks being taken. As the spending for the project is from the limited State Fund, it is necessary to give attention on ensuring effective spending, meeting quality in the tasks and achieving good results from the project.

All are urged to work together to ensure development of manufacturing industry and services and more investments from the private sector.

Next, Union Minister for Planning and Finance U Win Shein, vice-chairman of the Commission and deputy prime minister, briefed on the state of implementing the national project for the fiscal year of 2022 and 2023 and the national project (draft) for the 2023-24 fiscal year.

Then, Deputy Minister for Planning and Finance Daw Than Than Lin, secretary of the Commission, presented the national project (draft) for the fiscal year of 2023-2024.

Afterwards, Union Auditor-General U Tin Oo presented review and suggestion on the points found in records of the previous fiscal year and measures to be checked and audited in the 2023-2024 fiscal year.

Regarding the reports, the Prime Minister said it is learned that the set targets were not met in the 2022-2023 fiscal year. I have approved disbursement of Ks 400 billion from the State economic development fund to regions and states and self-administered zones. Mainly, the money was disbursed with the aim of ensuring economic development of local people and establishment of agricultural businesses of sunflower, Mung bean and summer paddy that recover the money from the investment in a short time. It is necessary to find ways to meet the target despite different situations in the said regions. It is necessary to practically achieve success in implementing the goals and truly ensure the development.

Then, the Prime Minister gave concluding remarks saying that we have to review the state of implementing the project for the fiscal year of 2022-2023 and thoroughly assess and scrutinize matters to be prepared for more effective implementation of the national project in the 2023-2024 fiscal year.

It is necessary to finish carrying out the tasks. If not due to various reasons, it is to systematically present the balance of funds back at the end of the fiscal year. In the coming year, it is necessary to request the volume of funds with a plan in balance of the tasks to be taken. It is to focus on carrying out the project tasks with the approach to ensure advantage on commercial basis and public interest. Before enacting the law, it is to complete the tasks to be done and motoring measures are to be strong during the implementation of the project tasks as well.

In encouraging crop cultivation and production on a regional basis for development of agriculture and livestock farming businesses, it is to focus on meeting the targets and ensuring food security in the regions.

The surest sectors to boost the economy are the already rooted agriculture and livestock commodity production industries. With the full use of local raw materials, it is to work with research and technology departments to ensure production of finished products. If there is a narrow gap between development of urban and rural areas with the creation of job opportunities, there will be less in number of migrant workers from rural area to urban area as well as in that of migrant workers who illegally go abroad.

In carrying out tasks for development of infrastructure sectors such as transport and communication, water availability, education, health and electricity, efforts must be made. Efforts are to be made to ensure balance in revenue and expenditure of the State-run enterprises. It is to properly and effectively spend on implementation of any project and have correct analysis and assessment for full capacity of operation works. It is to achieve prosperity for the nation through successful implementation of People-centered tasks and those for State economic development.

When the national project (draft) for the fiscal year of 2023-2024 has been enacted as a law, it is necessary to ensure success in implementing the tasks mentioned in the draft in accordance with the set ways. Exposing weaknesses and advantages in implementation of the national project in the present fiscal year, I like to urge all of you to make more efforts for economic development of the nation. 100

# Myanmar plans to hold free insurance agent licensed training courses monthly

**Nay Pyi Taw, March 21**

The insurance agent licensed course will be held free of charge every month, according to reports from the Ministry of Planning and Finance released on March 13.

The Myanmar Insurance under the ministry will open and conduct free insurance agent licensing training course aimed at providing people with employment opportunities and promoting insurance knowledge.

The insurance agent licensed courses will be taught free of charge at the National Insurance Institute of Myanmar in Yangon and Mandalay, and support will be provided until they are allowed to work in the insurance business.

The course will be opened every month, so the applicants will be registered according to the application number, and those who have the right to attend the course according to the waiting list, will be contacted by the National Insurance Institute of Myanmar to inform them in advance of the opening date of the monthly course.


Those who have obtained a degree from any university or those who have passed basic education can attend the course. 336


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းအကျပ်အတည်းကို နိုင်ငံရေးနှင့် သံတမန်နည်းအရဖြေရှင်းရန်လမ်းဖွင့်ထားကြောင်း ရုရှားသမ္မတပူတင်ပြော



ရုရှားသည် ယူကရိန်းအကျပ်အတည်းကို နိုင်ငံရေးနှင့် သံတမန်နည်းအရ ဖြေရှင်းရန်လမ်းဖွင့်ထားကြောင်း၊ ဤလုပ်ငန်းစဉ်၏ အနာဂတ်သည် ဖြစ်ရပ်မှန်များကို ထည့်သွင်းစဉ်းစားကာ လေးလေးနက်နက် တွေ့ဆုံဆွေးနွေးပွဲအတွက် အခြားသူများ၏စေတနာအပေါ် မူတည်မည်ဖြစ်သည်ဟု ရုရှားသမ္မတပူတင်က ပြောကြားကြောင်း တရုတ်ပြည်သူ့နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်ကို ကရင်မလင်နန်းတော်ဝက်ဘ်ဆိုက်တွင် မတ် ၁၉ ရက်က ထပ်ဆင့်ဖော်ပြခဲ့သည်။

"ရုရှားဟာ ယူကရိန်းအကျပ်အတည်းကို နိုင်ငံရေးနဲ့ သံတမန်ရေးအရဖြေရှင်းဖို့ လမ်းဖွင့်ထားပါတယ်။ ၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ပစ်ခဲ့တာ ရုရှားမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့အနာဂတ်ဟာ လက်ရှိပထဝီနိုင်ငံရေးအစစ်အမှန်တွေကို ထည့်သွင်းစဉ်းစားပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ ဆွေးနွေးမှုတစ်ခုမှာ ပါဝင်လိုတဲ့ဆန္ဒပေါ်မှာပဲ မူတည်ပါတယ်"ဟု ရုရှားသမ္မတပူတင်က မှတ်ချက်ပြုခဲ့သည်။

"ကံမကောင်းစွာဘဲ ရုရှားအတွက် ပြဋ္ဌာန်းထားတဲ့ရာဇသံက သူတို့ရဲ့အာသီသတွေဟာ လက်ရှိအဖြစ်မှန်တွေနဲ့ကင်းကွာနေပြီး အခြေအနေအတွက် အဖြေရှာဖို့ စိတ်ဝင်စားမှုကင်းမဲ့နေတာကို ပြသနေပါတယ်"ဟု ရုရှားသမ္မတ ပူတင်က သုံးသပ်ရေးသားထားသည်။

ပါဝင်ပတ်သက်နေသည့်နိုင်ငံများသည် ယူကရိန်းတွင် ဘုံလုံခြုံရေးသဘောတရားကို လိုက်နာပါက ကျိုးကြောင်းဆီလျော်သောနည်းလမ်းကို ရှာဖွေနိုင်သည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားနိုင်ငံ Rossiyskaya Gazeta နေ့စဉ်သတင်းစာနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

လူတိုင်း ဘုံ၊ ဘက်စုံ၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသောလုံခြုံရေးသဘောတရားဖြင့် မျှမျှတတ၊ အထိုက်အလျောက် လက်တွေ့ကျသောနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်မည်ဆိုပါက ယူကရိန်းအကျပ်အတည်းတွင် ဆင်ခြင်တုံတရားရှိသော ဖြေရှင်းနည်းသည် ကမ္ဘာပေါ်တွင် ထာဝရငြိမ်းချမ်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးဆီသို့လမ်းကြောင်းကို တွေ့ရှိနိုင်မည်ဟု ယုံကြည်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

"ယူကရိန်းအရေး ဟန်ချက်ညီတဲ့ရပ်တည်ချက်အတွက် ရုရှားက တရုတ်ကို ကျေးဇူးတင်ရှိကြောင်းနဲ့ အကျပ်အတည်းဖြေရှင်းရေးမှာ တရုတ်ရဲ့ အဆင်သင့်ဖြစ်မှုကိုကြိုဆိုပါတယ်"ဟု ရုရှားသမ္မတ ပူတင်က People's Daily သတင်းဆောင်းပါးတွင် ပြောကြားခဲ့သည်။

"PRC က လက်ခံကျင့်သုံးတဲ့ ယူကရိန်းက အဖြစ်အပျက်တွေအပေါ် မျှတတဲ့ရပ်တည်ချက်အပြင် သူတို့ရဲ့သမိုင်းနောက်ခံနဲ့ အရင်းခံအကြောင်းတရားတွေကို နားလည်မှုတွေကိုလဲ ကျေးဇူးတင်ပါတယ်။ အကျပ်အတည်းဖြေရှင်းရေးမှာ အဓိပ္ပာယ်ပြည့်ဝတဲ့ ပံ့ပိုးကူညီမှုတစ်ခုလုပ်ဖို့ တရုတ်နိုင်ငံရဲ့ အဆင်သင့်ဖြစ်မှုကို ကြိုဆိုပါတယ်"ဟု ရုရှားသမ္မတ ပူတင်က ပြောကြားသည်။

**Russia open for political and diplomatic settlement of Ukrainian crisis—Putin ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆလိုဗက်ကီးယားနိုင်ငံက ယူကရိန်းသို့ MiG-29 တိုက်လေယာဉ် ၁၃ စင်း ပံ့ပိုးပေးမည်

ဆလိုဗက်ကီးယားနိုင်ငံက ယူကရိန်းနိုင်ငံသို့ MiG-29 တိုက်လေယာဉ် ၁၃ စင်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း မတ် ၁၉ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ရုရှားကရင်မလင်နန်းတော်က ပေးအပ်ပါက တိုက်လေယာဉ်များအားလုံး တရားဝင်ပစ်မှတ်များအဖြစ် ဖျက်ဆီးခံရမည်ဖြစ်ကြောင်း အကြိမ်ကြိမ်သတိပေးထားခဲ့သည်။

"ကျွန်ုပ်တို့ရဲ့ MiG-29 တိုက်လေယာဉ် ၁၃ စင်း ယူကရိန်းကိုလွှဲပြောင်းပေးမှာပါ" ဟု ဆလိုဗက်ကီးယားနိုင်ငံဝန်ကြီးချုပ် Eduard Heger က သတင်းထောက်များကို ပြောကြားခဲ့ပြီး ဆလိုဗက်ကီးယားနိုင်ငံသည် Kub လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း ယူကရိန်းသို့ ပေးအပ်သွားမည်ဟု ပြောကြားခဲ့သည်။

MiG-29 တိုက်လေယာဉ်များကို ယူကရိန်းသို့ပေးအပ်လိုက်ခြင်းမှာ အရပ်သားများကို ၎င်းတို့၏နေအိမ်များပေါ်တွင် ကျရောက်သောဗုံးများစွာနှင့် ယူကရိန်းတွင် လူများသေဆုံးရသည့် အကြောင်းရင်းကို ကာကွယ်နိုင်စေရန်အတွက် ယူကရိန်းသို့ တိုက်လေယာဉ်များပေးအပ်ခြင်းဖြစ်သည်ဟု Heger က အကြောင်းပြချက်ပေးခဲ့သည်။

ယူကရိန်းသည် အမေရိကန်ထုတ် F-16 တိုက်လေယာဉ်များကို အဓိကထား၍ အနောက်မဟာမိတ်များထံမှ အဆင့်မြင့်တိုက်လေယာဉ်များကို ကာလရှည်ကြာစွာ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တိုင်းမှာ ပိုလန်၊ ယူကရိန်းတို့နဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု Heger က ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက MiG-29 တိုက်လေယာဉ်အပါအဝင် လေကြောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်များတပ်ဆင်ပေးမှုအတွက် ဆလိုဗက်ကီးယားနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် လက်ရှိပိုင်ဆိုင်ထားသော MiG-29 အရေအတွက်ကို မကြာသေးမီက AFP သတင်းဌာနသို့ အတည်ပြုရန်ငြင်းဆိုခဲ့သော်လည်း ပြီးခဲ့သောနှစ်ကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့သော Flight Global ၏ World Air Forces 2023 အစီရင်ခံစာအရ ၄၃ စင်းပိုင်ဆိုင်ထားကြောင်း သိရသည်။

ပိုလန်နှင့် ဆလိုဗက်ကီးယားတို့က ယူကရိန်းကိုပေးအပ်မည့် တိုက်လေယာဉ်များကို တရားဝင်ပစ်မှတ်များအဖြစ် တိုက်ခိုက် ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က တုံ့ပြန်ပြောကြားခဲ့သည်။



**Slovakia to Donate 13 MiG-29 Fighter Jets to Ukraine ကို ဘာသာ ပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် တန်ပြန်ဒရုန်း(Counter-Drone)စနစ်ရောင်းချမှုကို အစ္စရေးခွင့်ပြု



ယူကရိန်းကို တန်ပြန်ဒရုန်း (Counter Drone)စနစ်ရောင်းချမှုအတွက် အစ္စရေးနိုင်ငံက သဘောတူခွင့်ပြုပေးခဲ့ကြောင်း မတ် ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ယူကရိန်း-ရုရှားပဋိပက္ခအပေါ် ၎င်း၏ မူဝါဒကို ပြန်လည်သုံးသပ်နေစဉ် ဖေဖော်ဝါရီလလယ်တွင် အစ္စရေးနိုင်ငံက ပို့ကုန်လိုင်စင်ကို သဘောတူခွင့်ပြုပေးခဲ့ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ Axios သတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားတပ်ဖွဲ့များကို တုံ့ပြန်တိုက်ခိုက်ရန် ပဋိပက္ခအတွင်း ယူကရိန်းသို့လက်နက်ရောင်းချနိုင်ရေးအတွက် အစ္စရေးနိုင်ငံက ကာကွယ်ရေးတင်ပို့ခွင့်လိုင်စင်ကို ပထမဆုံးအကြိမ် ခွင့်ပြုလိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး Eli Cohen က ယူကရိန်းသမ္မတ ဇီလန်စကီးထံ ဖေဖော်ဝါရီ ၁၅ ရက်က ကီယက်ဗ်မြို့တော်သို့ သွားရောက်လည်ပတ်စဉ် အတည်ပြုချက်ပေးခဲ့သည်။

အစ္စရေးကာကွယ်ရေးထုတ်လုပ်သူ Elbit Systems နှင့် Rafael အတွက် ပို့ကုန်လိုင်စင်ကို အတည်ပြုပေးခဲ့သည်။

အဆိုပါကုမ္ပဏီများသည် ၂၅ မိုင် (ကီလိုမီတာ ၄၀) အကွာအဝေးထိ ဒရုန်းကို တန်ပြန်လုပ်ဆောင်နိုင်သော အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တစ်ခုရောင်းချရန် အဆိုပြုထားသည်။

တန်ပြန်ဒရုန်းစနစ်သည် ခုခံကာကွယ်ရုံသာဖြစ်ပြီး(အသက်)သေစေမည့် နည်းလမ်းများကို အသုံးမပြုထားသောကြောင့် ယခုဆုံးဖြတ်ချက်သည် အစ္စရေးနိုင်ငံ၏ ယူကရိန်းနိုင်ငံပေါ်ထားရှိသည့် မူဝါဒအပြောင်းအလဲမဟုတ်ကြောင်း အစ္စရေးအရာရှိများက Axios သို့ ပြောကြားခဲ့သည်။

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက အစ္စရေးသို့သွားရောက်ခဲ့ပြီး ၎င်းစနစ်အပေါ် ရှင်းလင်းတင်ပြချက်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ယူကရိန်းအနေဖြင့် အဆိုပါစနစ်ကို စိတ်ဝင်စားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော်လည်း ယူကရိန်းသည် အကြိမ်ရေအားဖြင့် ၇၅ မှ ၉၀ ရာခိုင်နှုန်းထိ ရုရှားဒရုန်းများကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သောကြောင့် တန်ပြန်ဒရုန်းစနစ်ကို ဦးစားပေးထိပ်တန်းစာရင်းတွင် ထည့်သွင်းမထားကြောင်းလည်းဆိုသည်။

"ကျွန်ုပ်တို့အမှန်တကယ်လိုအပ်နေတာက ပဲ့ထိန်းဒုံးကျည်တွေကို ခုခံကာကွယ်တဲ့စနစ်ပါ"ဟု ယူကရိန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး Axios သတင်းဌာနက ပြောကြားခဲ့သည်။

**Israel Approves Counter-Drone System Sale for Ukraine: Report ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်း တင်ပြစဉ်။




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/ ၂၀၂၃) အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

☆ **ကျောဖုံးမှအဆက်**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencingဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး(၁/ ၂၀၂၃)သည် **“၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း” “ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့”**ကိုဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ ဆက်လက်ပေးပို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်တို့ကို ချမှတ်ခဲ့ပါကြောင်း၊ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဘတ်ဂျက်သည် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်ဦးတည်ချက် (၁၂)ရပ်တို့ကို ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးလျာထားချက်များဖြစ်ပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၄)ရပ်ဖြစ်သည့် **“စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” “ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက် ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကိုရေရှည်အာမခံချက်ရှိအောင်အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး” “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး”** တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက်ဝန်ကြီးဌာန အသီးသီးက ကဏ္ဍအလိုက်၊ ဒေသအလိုက်ဦးစားပေး အသုံးစရိတ်များ သတ်မှတ်သုံးစွဲကြရမည်ဖြစ်ပါကြောင်း။

ဌာန၊ အဖွဲ့အစည်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှု နီးစပ်အောင်လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊အသုံးစရိတ်များလျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုနိုင်မည့်လုပ်ငန်းများနှင့်ပြည်သူ့လူမှုစီးပွားဘဝကိုမြှင့်တင်ပေးမည့် အသုံးစရိတ်များကိုဦးစားပေးလျာထားသုံးစွဲခြင်း၊အခြားအသုံးစရိတ်များကို စနစ်တကျစိစိစစ်စစ်သုံးစွဲခြင်းစသည့်အချက်များကို လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း။

ကြွေးမြီဆိုင်ရာ အသုံးစရိတ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်က ရယူထားသည့် ပြည်ပချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် မိမိတို့အနေဖြင့် တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်ပြီး အချိန်စေ့ရောက်သည့် အရင်းအတိုးများကို သူ့အချိန်နှင့်သူပေးဆပ်နိုင်ရန် ဦးစားပေးထည့်သွင်းလျာထားခွင့်ပြုထားပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏စီးပွားရေးကျဆင်းမှုအခြေအနေ၊ နိုင်ငံသုံးငွေတန်ဖိုး ကျဆင်းမှုအခြေအနေ၊ လောင်စာဆီနှင့် အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေ စသည့်အခြေအနေအရပ်ရပ်ကြောင့်မိမိတို့ကဲ့သို့ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာတွင် အထူးဂရုပြုပြီးစီမံခန့်ခွဲသုံးစွဲရန်လိုအပ်လာပါကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ကျန်းမာရေးနှင့်လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့် ယဉ်ကျေးမှုစသည့် အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ Budget-Allocation ဟုခေါ်သည့် အသုံးစရိတ်များ ခွဲဝေချထားရာတွင် ပြည်ထောင်စု၏ရငွေအခြေအနေအပေါ် မူတည်၍ ခွဲဝေရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့လျာထားသည့်ရငွေများကို ပြည့်ပြည့်ဝဝရရှိမှသာ မိမိတို့လျာထားသည့် အသုံးစရိတ်များကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ရေး၊တင်ဒါစည်းမျဉ်းစည်းကမ်းများလိုက်နာရေး၊စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် အတူစိစစ်ထားသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် မိမိအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာသုံးစွဲနိုင်မည့်အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များနှင့် အခြားမဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကို ထပ်ဆင့်စိစစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့သည့်ငွေများကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်တည်ဆောက်၍ လူမှုစီးပွားရေးအခြေပြုညွှန်းကိန်းခြောက်ခုကိုအသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အချိုးကျမျှတမှုရှိစေရန် နှစ်စဉ်ခွဲဝေလျာထားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစစ်ဆေးတွေ့ရှိချက်များ၊ စစ်ဆေးတွေ့ရှိချက်များအပေါ် သုံးသပ်တွေ့ရှိချက်များနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်လိုက်နာဆောင်ရွက်သွားရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ **“ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း”**တို့ကို စိစစ်အတည်ပြုပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ဆက်လက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့လျာထားသည့်အတိုင်း ရငွေများရရှိစေရန်၊ မိမိတို့လျာထားသည့်အတိုင်း သုံးငွေများကိုအချိန်မီသုံးစွဲနိုင်စေရန် ဌာန၊ အဖွဲ့အစည်း အကြီးအမှူးများကိုယ်တိုင် စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အတွက် ရငွေများဖြစ်သည့် အခွန်အကောက်မှရရှိငွေများကို တည်ဆဲအခွန်အကောက်ဆိုင်ရာဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်အောင် သက်ဆိုင်ရာဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ဖို့တိုက်တွန်းပြောကြားလိုပါကြောင်း၊ အခွန်အကောက်မဟုတ်သောရငွေများဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများတိုးတက်လာစေရန်လည်း

**စာမျက်နှာ ၁၉ သို့**

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်းစည်းကမ်းများလိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေးစသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိ . . .

**စာမျက်နှာ ၁၈ မှအဆက်**

> **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန် တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်း စားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများမြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်. . .**

သက်ဆိုင်ရာဝန်ကြီးဌာနများက အထူး ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ မိမိ တို့ဌာနအဖွဲ့အစည်းများ၏ ပကတိအခြေ အနေကို စနစ်တကျစိစစ်သုံးသပ်ပြီးလျာထား ချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် စီမံကိန်းနှင့်ဘတ်ဂျက် ဆက်စပ် ဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရငွေ၊သုံးငွေနှင့် စပ်လျဉ်း၍ လည်း စာရင်းစစ်ဆေးမှုကို စနစ်တကျ ခံယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုး တက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက် နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များသည် အရေးကြီးသကဲ့သို့ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးဆောင် ရွက်ပေးရမည့်လုပ်ငန်းစဉ်များသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ စေရန် အဘက်ဘက်က အားပေးမြှင့်တင် လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးသည့် အသုံးစရိတ်များမှာ ထည့်သွင်းလျာထားပေး ထားသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ်-၁၉ အထူးချေး ငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးရန်ပုံငွေစသည့် ရန်ပုံငွေများ ကို ထူထောင်ပေးထားပြီး ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့်စားရေ ရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်ရေး၊သွင်းကုန်တင်သွင်း သည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ပြည်သူတို့၏အလုပ်အကိုင်အခွင့် အလမ်းများပေါ်များလာရေး၊ တစ်ဦးချင်းဝင် ငွေများမြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှု နည်းပါးပြီး ပြည်တွင်းသုံးစွဲမှုမလုံလောက် သည့်အတွက် ပြည်ပမှသွင်းကုန်တင်သွင်းမှု ကိုသာ အားထားဆောင်ရွက်ခဲ့ရသဖြင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် နိုင်ငံပိုင်စက်ရုံများ ပြန်လည်လည်ပတ်နိုင် ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံး ကုန်ပစ္စည်းများကို အရည်အသွေးကောင်း ကောင်းနှင့်လုံလုံလောက်လောက်ထုတ်လုပ် ပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆောင်ရွက်သည့်နေရာတွင် လျှပ်စစ် ဓာတ်အား လုံလောက်စွာရရှိရေးသည်လည်း အရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် သက်ဆိုင်သောအသုံး စရိတ်များကိုလည်း တိုးမြှင့်ပေးထားပါ ကြောင်း၊တစ်ဖက်ကလည်းကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်ရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လေ့လာ ဆောင်ရွက်စေလိုပါကြောင်း၊ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးကို တိုးတက်ထုတ် လုပ်နိုင်စေရန်ဆောင်ရွက်ရသကဲ့သို့ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် လေလွင့် ဆုံးရှုံးမှုများမဖြစ်ရေး၊ ဓာတ်အားဝယ်ယူမှု၊ ဖြန့်ဖြူးရောင်းချမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ကြိုးပမ်း ဆောင်ရွက်စေလိုပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံးအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိ သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက် များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွား ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်းတွင်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်နှင့် သစ်တောရေးရာ) ဦးထွန်းအုံ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ကမ္ဘာ့တစ်ဝန်း သစ်တောထိန်းသိမ်းရေး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်ရန် ရည်ရွယ်လျက် ကုလသမဂ္ဂသစ်တောဖိုရမ် (UNFF)က ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ် မတ် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာသစ်တောများ နေ့ "International Day of Forests" အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သစ်တောများ သည် လူသားများ၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအစာနှင့် ဆေးဝါးများ၊ သန့်ရှင်းသောသောက်သုံးရေ များရရှိစေခြင်းတို့အပြင် လူသားများ၏ ကျန်းမာရေးကိုမြှင့်တင်ပေးသည့် ယဉ်ကျေး မှုနှင့်အပန်းဖြေမှုဆိုင်ရာအကျိုးကျေးဇူးများ ကိုရရှိစေပြီး လူသားတို့နေ့စဉ်ရှုရှိုက်နေ သည့်လေကိုလည်း သန့်စင်ရာတွင်အရေးပါ သောအခန်းကဏ္ဍပါဝင်လျက်ရှိကြောင်း။

သစ်တောပြုန်းတီးခြင်း၊ မြေယာ အသုံးပြုမှုပြောင်းလဲခြင်းတို့ကြောင့် ဂေဟ စနစ်များယိုယွင်းပျက်စီးလာပြီး Zoonotic Diseases ဟုခေါ်သည့် တောရိုင်းတိရစ္ဆာန် များနှင့် အိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် ရောဂါပိုးမွှားများပြန့်ပွားရန် အလားအလာ များတိုးမြှင့်လာခဲ့ပြီး အဆိုပါပြဿနာများ ကိုဖြေရှင်းနိုင်ရန် သစ်တောများကိုကျန်းမာ ရေးချဉ်းကပ်မှု နည်းလမ်းတစ်ခု(One Health Approach)အဖြစ် ထည့်သွင်း စဉ်းစားပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ များကို ဖြေရှင်းရမည်ဖြစ်ကြောင်း၊ရာသီဥတု ပြောင်းလဲမှုဒဏ်များဖြစ်သည့် အပူချိန် အလွန်အမင်းမြင့်မားခြင်း၊ နိမ့်ကျခြင်း၊ မိုးရေချိန် အလွန်အမင်းများပြားခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီး ရေလျှံခြင်း၊ မြေပြိုခြင်း အစရှိသည်တို့သည် သစ်တောများပြုန်းတီးမှုကြောင့်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း သစ်တော ပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးတို့အတွက် ၂၀၂၁- ၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့ တွင် သစ်ထုတ်လုပ်မှုလုံးဝရပ်ဆိုင်းခဲ့ခြင်း နှင့်သစ်တောများအရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊ မြန်မာနိုင်ငံသစ်တော များ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇)နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်း ဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်း အစီအစဉ်(၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ)ကို အကောင်အထည်ဖော်ခြင်း၊ အမြဲတမ်းသစ်တော နယ်မြေများကို နိုင်ငံ ဧရိယာ ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေ များကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန်ဆောင်ရွက်လျက်ရှိခြင်း၊ နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မ စီမံကိန်းအရ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာ ဧက ၂ ဒသမ ၂၇ သန်း ကို ဆောင်ရွက်လျက်ရှိခြင်း၊ သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှကာဗွန်ထုတ်လွှတ်မှုလျှော့ချ ခြင်းလုပ်ငန်း(REDD+)ကို နိုင်ငံအဆင့် အစီအစဉ်များအကောင်အထည်ဖော်လျက် ရှိခြင်း အစရှိသည့်လုပ်ငန်းများကို စဉ်ဆက် မပြတ် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပိုစတာများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာလုပ်ငန်းဌာနနှင့် စီမံကိန်းများ ဆောင်ရွက်နေကြသည့် တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(သတ္တုရေးရာ) ဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရေဆင်းအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# သကြၤန်ကာလ နေရပ်ပြန်ခရီးသွားပြည်သူများကို ယာဉ်စီးခနှုန်းထားများ ပုံမှန်အတိုင်းရောင်းချရန်နှင့် လက်မှတ်အခက်အခဲမရှိစေရေး ဆောင်ရွက်သွားမည်

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေး ကော်မတီမှသကြၤန်ကာလနေရပ်ပြန်မည့် ခရီးသွားပြည်သူများကိုယာဉ်စီးခ များပုံမှန်နှုန်းထားအတိုင်းရောင်းချရန်နှင့် လက်မှတ်အခက်အခဲမရှိစေ ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌထံက သိရသည်။

သကြၤန်အကျနေ့မှစ၍ နှစ်ဆန်း ၁ ရက်ထိ အဝေးပြေးကားကွင်း ယာယီပိတ်ထားကာ ယာဉ်လိုင်းများယာယီရပ်နားမည်ဖြစ်ပြီး နှစ်ဆန်း ၂ ရက် မှစ၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေး တိုင်းဒေသကြီးအတွင်း ယာဉ်လိုင်း ၆၀၀ ကျော်ရှိကာ ကိုဗစ်-၁၉ ရောဂါ ကာလတွင်ယာဉ်လိုင်းအချို့ယာယီရပ်နားခဲ့ရာမှလက်ရှိတွင် သုံးပုံနှစ်ပုံ နီးပါးပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

"သကြၤန်အတွင်းအဝေးပြေးဆွဲနေတဲ့ယာဉ်လိုင်းတွေကို ယာဉ်စီးခနှုန်း ထားမတက်ဘဲ လက်ရှိပုံမှန်နှုန်းထားအတိုင်းရောင်းဖို့ သတ်မှတ်ထားပါ တယ်။ လက်မှတ်အခက်အခဲရှိသည်ဖြစ်စေ၊ ခရီးသွားလာမှုနဲ့ပတ်သက်လို့ အခက်အခဲရှိရင် အကူအညီတောင်းခံနိုင်အောင် လက်ရှိယာယီကားကွင်း အသစ်ရဲ့ထွက်ပေါက်မှာဖွင့်ထားတဲ့နေရာမှာ အကူအညီတောင်းခံနိုင်ပါ တယ်"ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောပြ၍ သိရသည်။

**မျိုးကျော်**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေမြန်မာအငြိမ့် အမှတ်စဉ်(၄)ကို ထုတ်လွှင့်ပြသသွားမည်

(၇၈)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရွှေမြန်မာ အငြိမ့် အမှတ်စဉ်(၄)ကို မတ် ၂၂ ရက်**(ယနေ့)** ည ၉ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD တွင်လည်းကောင်း၊ ည ၈ နာရီ သတင်းအပြီးတွင် MWD HD Channel နှင့် MWD Variety HD Channel တို့တွင်လည်းကောင်း ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာအသိပေး အပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇေယျာဒ္ဒိနီလမ်းနှင့် ပန်းခင်းလမ်းထောင့်(ဘဲကုန်းမီးပွိုင့်အနီး) စကြာဒီပခြံတွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၀ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ အလံပုံစံ



အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် အမှတ်(၆၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၀ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ အလံပုံစံ



ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ တံဆိပ်ပုံစံ





**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါဈေးလမ်း အမှတ်(၂၈၁) တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၇ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်းတင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန်ကြေညာအပ်ပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ



အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၁**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **လူ့ဘောင်သစ်ပါတီ (NSP)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၂၇ ပါတီဖြစ်၍ စုစုပေါင်း ၃၃ ပါတီဖြစ်ပါသည်။ ယင်း ၃၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ရှစ်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၅ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် စစ်တွေမြို့ တရားသီးစုရပ်ကွက် ပိုက်သည်လမ်း အမှတ်(၆)လမ်းနှင့် အမှတ်(၇)လမ်းကြားတွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်အမျိုးသားပါတီ (Arakan National Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၀ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ အလံပုံစံ



ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၅၇၆ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် မတ် ၂၁**

(၅၈)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်း ခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ၂၁၅၀ အနက် ကျောက်စိမ်းအတွဲ အမှတ်(၁)မှ (၇၅၀) ထိကို ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၅၇၆ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၂၁၅၀ အနက် ကျောက်စိမ်းအတွဲအမှတ် (၇၅၁)မှ (၁၅၀၀) ထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်း အတွဲအမှတ် (၇၅၁) မှ (၁၅၀၀) ထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင်ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်ထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲ ၂၉၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၂၀ ကို မတ်၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၇၇ တွဲ ကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဆုရရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆုရရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ အမျိုးသားပြိုင်ပွဲကို မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ စီပီလိုက်စက်ရုံရှေ့၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သေနတ်ပစ်ဖောက်၍ လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းဆုံ၌ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက သေနတ်ပစ်ဖောက်၍ လည်းကောင်း နံနက် ၆ နာရီမှ စတင်တာလွှတ်ပေးသည်။ ထို့နောက် အမျိုးသားပြိုင်ပွဲကို ပြည်လမ်းအတိုင်း ဝါယာလက်၊ ခရေပင်လမ်းဆုံ၊ ထိုမှတစ်ဆင့် ဇော်ဘွားကြီးကုန်း ရုစ်မိုင်လမ်းဆုံ၊ လှည်းတန်း၊ မြေနီကုန်းမှ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့သို့လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲကို လေဆိပ်လမ်းဆုံမှ ပြည်သူ့ရင်ပြင်ရှေ့သို့လည်းကောင်း အသီးသီး ပန်းဝင်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက အားပေးကြိုဆိုကြသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ အဆိုပါ စက်ဘီးစီးပြိုင်ပွဲတွင် Mountain Bike အမျိုးသား ၃၃ ဦး၊ Road Bike အမျိုးသား ဦးရေ ၁၂၀၊ Road Bike အမျိုးသမီး ၁၈ ဦးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ အမျိုးသမီးဝန်ထမ်း ဦးရေ ၅၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သွေးလှူရှင်များကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၁**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၈၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ဝန်ထမ်းများက သွေးပေါင်ချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးမှုများခံယူကြပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့ အမှတ်(၂) ရပ်ကွက်ရှိ နောင်ကျောက်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**နေပြည်တော် မတ် ၂၁**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂) ရပ်ကွက် နောင်ကျောက်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် နောင်တုံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နောင်ကျောက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက ကွန်ကရစ်လမ်းအလှူရှင်ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး အလှူရှင်က နောင်ကျောက်လမ်းဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုကြသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၁၉၅၀၊ အကျယ် ပေ ၃၀၊ ၃ ၉ လက်မရှိပြီး ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ကာ နောင်တုံ ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၅၅၈၉ သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မတ် ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၂၁**

မတ် ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၇၉၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၉၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၈၁ ဦး |

# တနင်္သာရီမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်တာဝန်ရှိသူများက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌သွားရောက် တွေ့ဆုံအမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တနင်္သာရီမြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ကျန်းမာရေးဝန်ထမ်းများကိုတွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ ရင်ချင်းဆက်အမွှာ အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့

**မန္တလေး မတ် ၂၁**

ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ ဆေးရုံတက်ရောက်နေသော ရမည်းသင်းမြို့မှ ၂၃ နှစ်အရွယ် မိခင်တစ်ဦးမှ ရင်ချင်းဆက်အမွှာ(R/N- 1513, G1P0 atMBD 35+2 with conjointed twins with GDM)ကို မတ် ၂၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကာ အောင်မြင်စွာမွေးဖွားပေးခဲ့ကြောင်း သိရသည်။

မွေးဖွားလာသော ရင်ချင်းဆက်အမွှာမှာ ယောကျာ်းလေး နှစ်ဦးဖြစ်ရာ ကိုယ်အလေးချိန် 3.8Kgရှိပြီး ယင်းအမွှာကို ပါမောက္ခ(သားဖွားမီးယပ်) ဒေါက်တာဝင်းမာစိုး၊ ပါမောက္ခ(မေ့ဆေး) ဒေါက်တာမီမီသော်၊ အထူးကုဆရာဝန်ကြီး(သားဖွားမီးယပ်) ဒေါက်တာမိုးသူဇာဆွေ၊ အထူးကုဆရာဝန်(သားဖွားမီးယပ်) ဒေါက်တာမြတ်သဥ္ဇာနွယ်၊ အထူးကုဆရာဝန်(မွေးကင်းစ) ဒေါက်တာဝေလင်းထွန်း၊ အထူးကုဆရာဝန်(ကလေး) ဒေါက်တာခင်သန္တာဆန်း၊ လက်ထောက်ဆရာဝန်(မေ့ဆေး) ဒေါက်တာယဉ်ယဉ်အေး၊ လက်ထောက်ဆရာဝန်(ကလေး)ဒေါက်တာနန်းခင်ထွန်း၊ သူနာပြုဆရာမကြီး ဒေါ်မြင့်မြင့်ထွန်း၊ အထက်တန်းသူနာပြု ဒေါ်ခင်မိုမိုကျော်နှင့် သူနာပြု ဒေါ်စုမြတ်ကြွယ်တို့က ခွဲစိတ်ကာ အောင်မြင်စွာ မွေးဖွားပေးခဲ့သည်။

မွေးဖွားပြီးနောက် မိခင်မှာကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ရှိ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်(NICU)တွင်ထားရှိကာ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)နှင့် ခုတင်(၅၅၀) ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ပူးပေါင်း၍ လိုအပ်သောကျန်းမာရေးစောင့်ရှောက်ကုသမှုများကို အနီးကပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**





## အစိုးရဓမ္မာစရိယစာမေးပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် မတ် ၂၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲပထမနေ့ကို ယနေ့၌ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တွင် စာဖြေစာရင်းသွင်း ၁၅၈၆၄ ပါး၊ ဦးအနက် ၁၃၂၃၈ ပါးဦးဖြေဆိုကြသဖြင့် ၈၃ ဒသမ ၄၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရွှေစာရံဘုရားသို့ သွားရောက်သည့်ဘုရားဖူးယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူ သုံးဦးသေဆုံးမှု"**ခေါင်းစဉ်ဖြင့် ၂၂-၃-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းကို KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော် သုံးပါး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦးထိခိုက်သေဆုံးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ထက်အောင်ကြိုင်သည် ၎င်းအသုံးပြုသည့် "Htet Aung Kyaing" Facebook အကောင့်နှင့် သယ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက်နေ ဦးအေးသိန်း(ခ)မွတ်ဟာမတ်ရှားသည် ၎င်းအသုံးပြုသည့် "U Aye Thein" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက လေထုညစ်ညမ်းစေသည့် Pemex ကုမ္ပဏီကိုတရားစွဲဆိုရန်စီစဉ်




**မက္ကဆီကိုစီးတီး မတ် ၂၁**

မက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းသည် နူဗိုလီယွန်ဒေသ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်ကိစ္စနှင့်ပတ်သက်ပြီး အဓိကတာဝန်ရှိသူကို စုံစမ်းဖော်ထုတ်ပြီးနောက် Pemex ရေနံတူးဖော်ရေးကုမ္ပဏီကို တရားစွဲဆိုမှုပြုလုပ်ရန်စီစဉ်နေကြောင်း အဆိုပါအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

Pemex ရေနံတူးဖော်ရေးကုမ္ပဏီ၏ ရေနံတူးဖော်ရေးလုပ်ကွက်များမှထုတ်လွှတ်သည့်ကာဗွန်များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ပြီးနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဒ်မဖြင့် တရားစွဲဆိုမှုပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း၊ Pemex ရေနံတူးဖော်ရေးကုမ္ပဏီက ထုတ်လွှတ်သည့် မီးခိုးငွေ့များမှာ အဝါရောင်နှင့် အနက်ရောင်မီးခိုးငွေ့များဖြစ်ပြီး ကာဗွန်ပါဝင်မှုနှုန်း မြင့်မားသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ပြင်းထန်စွာအရေးယူသွားမည်ဟု မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"Pemex ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေတဲ့ ရေနံတူးဖော်ရေးလုပ်ကွက်တွေမှာကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်မားနေတယ်။ ရေနံတူးဖော်ရေးလုပ်ကွက်က ထုတ်လွှတ်တဲ့ မီးခိုးငွေ့တွေဟာ အဝါရောင်နဲ့ အနက်ရောင်မီးခိုးငွေ့တွေဖြစ်ပါတယ်။ သုတေသီတွေရဲ့ စမ်းသပ်စစ်ဆေးမှုတွေအရ ကာဗွန်ထုတ်လွှတ်မှုနှုန်းမြင့်မားနေပါတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုဆန့်ကျင်နေတယ်။ Pemex ကုမ္ပဏီရဲ့ ရေနံတူးဖော်ရေးလုပ်ကွက်ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့မကိုက်ညီတဲ့အတွက် ကြီးလေးတဲ့ပြစ်ဒဏ်ချမှတ်သွားမယ်။ ဒါကြောင့် တရားရုံးမှာ တရားရင်ဆိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဥပဒေ သတ်မှတ်ထားပြီးဖြစ်တဲ့အတွက် ဥပဒေအတိုင်းပဲဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု မက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂါစီယာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပွင့်ဖြူမြို့နယ်၌ ပျိုးပင် ၁၄၅၆၀၀ စိုက်ပျိုးမည်

**ပွင့်ဖြူ မတ် ၂၁**

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်မိုးကာလတွင် ပျိုးပင်ပေါင်း ၁၄၅၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်မော်က ပြောပြ၍ သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပျိုးပင်ပေါင်း ၁၀၀၀၀၀ ကျော်စိုက်ပျိုးခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းလာမည့် မိုးကာလဇွန်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ပွင့်ဖြူမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပျိုးပင်ပေါင်း ၄၀၀၀၀ ကျော်၊ မြို့နယ်အတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းဧက ၇၀၀ ထူထောင်ရန်အတွက် အရိပ်ရပျိုးပင်ပေါင်း ၁၀၅၀၀၀ နှင့် မဲဇလီဆည် ရေဝေရေလဲဒေသတွင် ဒေသခံပြည်သူများ ဝါးသုံးစွဲနိုင်ရန် ဝါးစိုက်ခင်းသုံးဧကထူထောင်နိုင်ရေး ဝါးပျိုးပင် ၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဒေသခံပြည်သူတွေ စိုက်ပျိုးနိုင်ဖို့အတွက် ဖြန့်ဝေးမဲ့ အရိပ်ရပျိုးပင် ၄၀၀၀၀ ကျော်ဖြစ်ပါတယ်။ ထင်းအတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းဧက ၇၀၀ ထူထောင်နိုင်ဖို့ ရည်ရွယ်ပြီးတော့ ပျိုးပင်ပေါင်း ၁၀၀၀၀၀ ကျော် လျာထားပါတယ်။ နောက်တစ်ခုကတော့ မဲဇလီဆည်အနီးပတ်ဝန်းကျင်ရွာတွေမှာ ဝါးသုံးစွဲနိုင်ဖို့ ဝါးစိုက်ခင်း သုံးဧကထူထောင်ဖို့အတွက် ဝါးပျိုးပင် ၆၀၀ ကို မြို့မပျိုးဥယျာဉ်မှာ ပြုစုပျိုးထောင်လျက်ရှိပါတယ်။ စိုက်ပျိုးမဲ့ အမျိုးအစားတွေကတော့ ကျွန်း၊ မဲဇလီ၊ ရေတမာ၊ တမာ၊ သစ်ဆိမ့်၊သက်န်းကြီး၊ ကုက္ကို၊ ယူကလစ်၊ ခရေ၊ လျှော်ဖြူတို့ဖြစ်ပါတယ်"ဟု ဦးအောင်မော်က ပြောပြသည်။

သဘာဝဘေးကြောင့် ပျက်စီးသွားသည့် သစ်တောသစ်ပင်များကို အစားထိုးရန်၊ ကျေးလက်လမ်းကုန်ထုတ်လမ်း ဘေးတစ်ဖက်တစ်ချက်တွင် အရိပ်ရပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်စေရန်၊ ကျေးလက်သုံးစိုက်ခင်းများ ထူထောင်နိုင်ရန် သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်များကို နှစ်စဉ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ASH**

# သြစတြေးလျနိုင်ငံ ဒါလင်မြစ်အတွင်း သေဆုံးခဲ့သောငါးများကို အမြန်ဆုံးရှင်းလင်းပေးရန် ဒေသခံများက အာဏာပိုင်အဖွဲ့အစည်းထံ တောင်းဆို

**ကင်ဘာရာ မတ် ၂၁**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် မတ် ၁၇ ရက်က ဒါလင်မြစ်အတွင်း သေဆုံးခဲ့သောငါးမျိုးစိတ်များ ရှင်းလင်းပေးခြင်း မရှိသေးသည့်အတွက် ဒေသခံများက အဆိုပါငါးများကို အမြန်ဆုံးရှင်းလင်းပေးရန် မတ် ၂၀ ရက်က အာဏာပိုင်အဖွဲ့အစည်းထံ တောင်းဆိုခဲ့ကြောင်း The Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် မီနင်ဒီမြို့အနီး ဒါလင်မြစ်တွင် မတ် ၁၇ ရက်က ငါးမျိုးစိတ်များအလိုအလျောက်သေဆုံးမှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့သောငါးမျိုးစိတ်များမှာ မြစ်အတွင်း၌သာ ပုံ့နံ့နေဆဲဖြစ်ကြောင်း၊ ငါးမျိုးစိတ်များ သေဆုံးခဲ့ရသည့်အကြောင်းရင်းကို ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ရေအောက် အောက်ဆီဂျင်ပျော်ဝင်မှု နည်းပါးသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သုတေသီများက အတည်ပြုခဲ့ကြောင်း သိရသည်။



"ဒေသခံတွေအနေနဲ့ မိုးရွာသွန်းမှုမရှိရင် ဒါလင်မြစ်ရေကိုပဲ အားထားနေရတာပါ။ သောက်သုံးရေအတွက် ဒါလင်မြစ်ရေကအရေးကြီးပါတယ်။ အခုလိုငါးမျိုးစိတ်တွေ သေဆုံးနေတာကို မရှင်းပေးသေးတဲ့အတွက် တော်တော်လေးဒုက္ခရောက်ပါတယ်။ ဒီပြဿနာကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးဖို့ တောင်းဆိုချင်ပါတယ်"ဟု မီနင်ဒီဒေသခံ ကာရင်ပေ့ချ်က ပြောကြားသည်။

ဒါလင်မြစ်ရေကို ဒေသခံများက သောက်သုံးရေအဖြစ် အသုံးပြုနေရသည့်အတွက် ငါးမျိုးစိတ်များသေဆုံးမှုမှာ သောက်သုံးရေအခက်အခဲဖြစ်စေသဖြင့် သေဆုံးနေသည့်ငါးမျိုးစိတ်များကို အမြန်ဆုံးဖြေရှင်းပေးကာ ရေထုကိုသန့်စင်ပေးရန်လည်း ဒေသခံများက တောင်းဆိုခဲ့ကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းက ဒါလင်မြစ်အတွင်း သေဆုံးခဲ့သော ငါးများကို အမြန်ဆုံးရှင်းလင်းပေးသွားမည်ဟု ဒေသခံများကို အသိပေးခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အလက်စကာရေနံတူးဖော်ရေးလုပ်ကွက်ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ဝါရှင်တန် မတ် ၂၁**

အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက အလက်စကာရေနံတူးဖော်ရေးလုပ်ကွက်ကို ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ အိမ်ဖြူတော်က ရာသီဥတုပြောင်းလဲရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အလီဇိုင်ဒီကို ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အလီဇိုင်ဒီသည် အလက်စကာပြည်နယ်သို့ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ရန်ရောက်ရှိလာခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက အလက်စကာရေနံတူးဖော်ရေး လုပ်ကွက်ကို ရပ်ဆိုင်းပေးရန် ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြသည်။

"ကျွန်မတို့အနေနဲ့ အခုလို ဆန္ဒထုတ်ဖော်တာဟာ အလက်စကာပြည်နယ်ရဲ့ အနာဂတ်အတွက်ပါ။ အစိုးရအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အလေးထား ဆောင်ရွက်မယ်လို့ ကတိပေးထားပေမဲ့ ကတိပျက်ခဲ့တယ်။ ကျွန်မတို့ရဲ့ဆန္ဒကို အစိုးရသိအောင်လို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကြံပေးပုဂ္ဂိုလ်ကို ကျွန်မတို့နဲ့အတူ ပါဝင်လာစေချင်တယ်"ဟု ဆန္ဒထုတ်ဖော်သူ ရိုင်လေဟောက်က US News သတင်းဌာနသို့ ပြောကြားခဲ့သည်။

အလက်စကာပြည်နယ် Strategic and International Studies စင်တာတွင် Future of U.S. Climate & Energy Leadership ခေါင်းစဉ်ဖြင့် ကျင်းပသွားမည့် ဆွေးနွေးပွဲသို့တက်ရောက်ရန် ရောက်ရှိလာသည့် အလီဇိုင်ဒီအနေဖြင့် ဆန္ဒထုတ်ဖော်သူများ၏ လမ်းပိတ်ဆို့မှုကြောင့် ခရီးစဉ်နှောင့်နှေးခဲ့ရကြောင်း၊ အလက်စကာပြည်နယ်တွင် ဆောင်ရွက်မည့် Willow ရေနံတူးဖော်ရေးစီမံကိန်းကို အမေရိကန်အစိုးရက မတ်လပထမပတ်တွင်ခွင့်ပြုပေးခဲ့ပြီး Willow စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံထိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**



0w Kv d @

# မုန့်လင်မယား လင်နှင့် မယား

မောင်သုည(ရွှေပိုးသားလေး)




(၁)

"ဒီအိမ်က မုန့်လင်မယား၊ ကောက်ညှင်းပေါင်း"

အဲဒါ မကြီးရွှေ၏ အော်သံဖြစ်သည်။ သူက ကျွန်မတို့ရပ်ကွက်ကလေးတွင် နံနက်စောစောဆို အမြဲတမ်း မုန့်လင်မယားတို့၊ ကောက်ညှင်းပေါင်းတို့ကို တကြော်ကြော်အော်ကာ လိုက်ရောင်းတတ်လေသည်။ သူ့အော်သံသည် ကျွန်မ၏ အိပ်ရာထ နှိုးစက်သံပမာ ဖြစ်နေလေ၏။ ယခင်ကဆို သူ့အော်သံနေရာတွင်-

"ဒီအိမ်က ပဲပြုတ်၊ ဒီရပ်ကွက်က ပဲပြုတ်"ဟူသော အော်သံက နေရာယူထား၏။

ထိုအော်သံကြားတိုင်း အမေသည် ကျွန်မလိုပင် သူ့နာရီနှိုးစက်ပမာ အိပ်ရာမှ ကမန်းကတန်းထပြီး ပဲပြုတ်ဆင်းဝယ်လေ့ရှိ၏။ နေ့တိုင်း ပဲပြုတ်သည်ကို အမေက မျှော်လေ့ရှိသည်။ ကျွန်မတို့လည်း သည်ပဲပြုတ်နှင့်ထမင်းကြမ်းကို စိတ်ကျေနပ်စွာ ရယ်ရယ်မောမောစားခဲ့ရပြီး ကြီးပြင်းလာခဲ့သည်။ ယခုမူ ထိုပဲပြုတ်အော်သံနေရာတွင် မကြီးရွှေ၏ မုန့်လင်မယား၊ ကောက်ညှင်းပေါင်းအော်သံက နေရာယူခဲ့လေပြီ။ ယခုလို မိုးကုန်၍ ဆောင်းဝင်လျှင် မကြီးရွှေသည် မုန့်လင်မယား၊ ကောက်ညှင်းပေါင်းသာမက မနိုရည်ချိုကလေးပါ ထည့်အော်ရောင်းလေ၏။ သူ့အော်သံက ပြာတာတာဆိုသော်လည်း ဆောင်းဥတု၏ မြောက်ပြန်လေအေးအေးနှင့်အတူ သာယာချမ်းမြေ့ဖွယ်ရာ နားဝင်ပီယံဖြစ်ရသည်က အမှန်ပင်။ နောက် ယခုလိုတိုးတက်နေသည့် ကာလကလေးတွင် သူ့မနိုရည်အော်ရောင်းသံကြောင့် ကျွန်မတို့ ရွာကလေးသည် တော၏အလှ၊ တော၏အထာ၊ တော၏ဓလေ့များက မှေးမှိန်ရာမှ တရေးရေးပြန်လည်အသက်ဝင်၍ ထင်ဟပ်လာလေသည်မှာ ငြင်းဖွယ်ရာမရှိပါ။

(၂)

ယခုတော့ ပဲပြုတ်သည်ကို အမေ မျှော်သလိုပင် မုန့်လင်မယားနှင့် မနိုရည်ချို အော်ရောင်းသည့် မကြီးရွှေကိုလည်း ကျွန်မမျှော်နေမိလေပြီ။ အမှန်တော့ ကျွန်မတို့အိမ်က ဈေးနှင့်ဝေးလှသည်။ ဝေးသည်မှ အတော်လေးဝေးသည်။ ကျွန်မရောဂါကလည်း တစ်မူထူးခြားသည်။ နံနက်စောစောထလျှင် မကြီးရွှေ၏ မုန့်လင်မယားနှင့်မနိုရည်ချိုကို စားလိုက်ရမှ နေသာထိုင်သာရှိသည်။ နံနက်စောစောတွင် မကြီးရွှေ၏ မုန့်လင်မယားနှင့်မနိုရည်ချိုက ကျွန်မအဖို့ ဘယ်အစားအစာကမျှမမီ။ သို့သော် အမေအတွက်တော့ မကြီးရွှေ၏ မုန့်လင်မယားက သူ့အတွက် စားရသည်မှာ သိပ်မတင်းတိမ်လှ။ ပဲပြုတ်သည် တနေတတ်သည်။ တဆို အမေကပဲပြုတ်ကို ဆီစိမ်းဆမ်း၊ ကြက်သွန်နီနှင့်သုပ်ပြီး လက်ဖက်ရည်ကြမ်းလေးနှင့် စားသည့်အခါစား၊ ထမင်းကြမ်းနှင့်ကြော်စားသည့်အခါ ကြော်စားသည်။ သည်လိုစားလိုက်ရမှ အမေသည် တင်းတိမ်သွားသည်။

တစ်နေ့တော့ ကျွန်မတို့ ရပ်ကွက်လမ်းတွင် မုန့်လင်မယားရောင်းသော အသက် ၁၃ နှစ်အရွယ် ကလေးမတစ်ယောက်ရောက်လာသည်။ သူက မကြီးရွှေလို မအော်၊ မုန့်လင်မယားဗန်းကို ခေါင်းရွက်ပြီး သည်အတိုင်း လမ်းလျှောက်ရောင်းနေသည်။ ကျွန်မက သူ့ကိုတွေ့တော့ "ဟေ့. . . ကလေးမလာအုံး"ဟု လက်ယပ်ခေါ်မိသည်။ ကလေးမကလည်း ခပ်တည်တည်နှင့်ဝင်လာလေ၏။

"မုန့်လင်မယားက ဘယ်လိုရောင်းသလဲ"

"တစ်ထုပ်ကို ငါးရာပါအဒေါ်"

သူ့စကားကိုကြားတော့ ကျွန်မ မကြီးရွှေကို မြင်ယောင်လိုက်သေးသည်။ နောက်တစ်ခုက ဈေးမှာလည်း မကြီးရွှေရောင်းသည့်ဈေးနှင့် တစ်ဈေးတည်းပင်။

"ငါးထုပ်ပေးပါ"

ကျွန်မက ထိုသို့ပြောပြီး ကလေးမမျက်နှာကို စိုက်ကြည့်မိလိုက်သည်။ ကလေးမမျက်နှာသည် သနားကမားအရုပ်ကလေး ဖြစ်နေသောကြောင့် ကျွန်မက စပ်စုမိပြန်လေ၏။

"သမီးလေးက ဘယ်ကလာရောင်းတာလဲကွဲ့"

"သီရိရပ်ကွက်ကပါ အဒေါ်"

"သမီးက မုန့်ရောင်းတာဝါသနာ ပါတယ်ထင်တယ်။ ဘယ်သူ့သမီးလဲကွယ်"

"သမီးက မုန့်ရောင်းတာ ဝါသနာမပါပါဘူးအဒေါ်၊ သမီးက ကျောင်းဆရာမဖြစ်ချင်တာပါ"

"ဩော်. . ."

သူ့စကားကို ကြားတော့ ကျွန်မဖြင့် စိတ်မကောင်းဖြစ်မိသည်။ ဒါပေမဲ့ ကလေးမလေးသည် ဘယ်သူ့သားသမီးဆိုသည်ကို ကျွန်မအား မပြောပြခဲ့။

"ပညာသင်ရမဲ့ အရွယ်ကလေးက ဘဝခရီးကို လျှောက်ရင်း လောကဓံကြီးဝိုင်းထဲ ဝင်နေရတယ်လို့"

ကျွန်မစိတ်ထဲက ထိုသို့ပြောပြီး ကလေးမလေးကို မုန့်ဗန်းပြန်မပေးလိုက်တော့သည်။ ကလေးမလေးက ကျွန်မတို့ရပ်ကွက်လမ်းအတိုင်း ဆက်လျှောက်သွားလေတော့၏။ ဒါပေမဲ့ ကျွန်မဗိုက်ကလည်း အလိုက်ကမ်းဆိုးမသိ၊ မကြီးရွှေ၏ မုန့်လင်မယားမဟုတ်၍လားမပြောတတ်။ ကလေးမလေး၏ မုန့်က ကျွန်မအတွက်အာသာမပြေ။ ကျွန်မဆို မကြီးရွှေ မလာသည့်နေ့များဆိုလျှင် စိတ်ထဲတွင်အလိုမကျ၊ မကြီးရွှေကို မြင်ရမှပျော်မိလေ၏။

(၃)

ကျွန်မဘဝတွင် အခြားပစ္စည်းများကို ဝယ်ကြရာ၌ နေ့တိုင်းတော့ မဝယ်ဖြစ်ခဲ့၊ နေ့တိုင်းမှန်မှန် ဝယ်ရသည့်ပစ္စည်းမျိုးကလည်း ရှားသည်။ ဒါပေမဲ့ မကြီးရွှေ၏ မုန့်လင်မယား၊ ကောက်ညှင်း၊ မနိုရည်ချိုကိုတော့ နေ့တိုင်းဝယ်ရသည်။ သည်တော့ မုန့်လင်မယားသည် မကြီးရွှေနှင့်ကျွန်မသည် အလွန်ခင်မင်ရင်းနှီးသွားသည်။ အိမ်သားချင်းမဟုတ်ဘဲ တစ်နေ့တာအတွက် ပထမဆုံးစကားပြောမိသည့် အပြင်လူဆိုလျှင် မကြီးရွှေတစ်ယောက်သာ ကျွန်မ လက်ညှိုးထိုးပြရမည်သာ။ မကြီးရွှေ၏ အသက်ကို ၃၀ ကျော်၊ ၄၀ ဟုသာ ကျွန်မခန့်မှန်းထားသည်။ ကိုယ်ထည်က ပိန်ပိန်ပါးပါး၊ အသားအရေကတော့ ဖြူသည်။ အရပ်က မနိမ့်မမြင့်။ ယခုမူ နေလောင်ထားသဖြင့် ညိုဖျော့ဖျော့ရှိ၏။ မျက်လုံး၊ မျက်ခုံးနှင့် နှာတံကျပုံက မဆိုးလှ။ ဝတ်နိုင်စားနိုင်၊ ဖြီးလိမ်းနိုင်မည်ဆိုပါက မိန်းမလှလေးတစ်ယောက်ဖြစ်နိုင်လေသည်။ တစ်နေ့တွင် မကြီးရွှေ မုန့်ရောင်းနောက်ကျသည့်အတွက် ကျွန်မက-

"ဒီနေ့ မကြီးရွှေ နောက်ကျတယ်နော်"

"မိုးမှောင်ကျနေလို့ စောစောမထွက်ဘူး။ ဒါတောင် ရတနာလမ်းမှာ မိုးနည်းနည်းမိလိုက်သေးတယ် ဒေါ်ဒေါ်ငိုးပုံရယ်။ ချောင်းကလဲခံနေသေးတော့ ကန်တော့ပါရဲ့ ထဘီကို ပေါင်ထိ ဆွဲမ ကူးရတာ၊ နို့မို့ဆို ထဘီရေစိုကြီးနဲ့ တစ်မနက်လုံးလျှောက်ရမှာရှင့်"

"အခုလဲ မိုးရေကြောင့် ထင်တယ်၊ တစ်ကိုယ်လုံး စိုနေပါကောလား"

"အင်း ထီးဆောင်းလို့လဲ မဖြစ်ဘူးမဟုတ်လား။ မိုးကလဲ ဆောင်းဝင်နေပြီတောင် အချိန်အခါမဟုတ် ရွာသေးတယ်"

သူက မုန့်ဗန်းကို ခေါင်းရွက်ထားသည်။ မုန့်ဗန်းပေါ်တွင် ပလတ်စတစ်အကြည်အပြာရောင်အုပ်ထား၏။

"မိုးကာအင်္ကျီလေးဝတ်ကောပေါ့ မကြီးရွှေ"

"အမယ်လေး ဒေါ်ဒေါ်ငိုးပုံရယ်။ ထဘီနဲ့ အင်္ကျီတောင် ဝယ်ဖို့အနိုင်နိုင်၊ ဒါတွေတောင် အဟောင်းဆိုင်က ဝယ်ဝတ်ရတာရှင့်"

"အဟောင်းဆိုင်က"

ကျွန်မက သူ့စကားကို ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ဟုတ်တယ်၊ အဲဒါ ပြောမလို့ဟာကို စကားမစပ်မိလို့၊ ဒါနဲ့ဒေါ်ဒေါ်ငိုးပုံမှာ ပုဆိုးဟောင်းလေး၊ ထဘီဟောင်းလေး ဘာလေး မရှိဘူးလားရှင့်"

"ရှိတော့ ရှိတယ်လေ။ ဒါပေမဲ့ မကြီးရွှေက ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမလဲ၊ အိမ်ကလူနဲ့သမီးအတွက် ပုဆိုးနဲ့ ထဘီလေး မရှိလို့ပေါ့ရှင်၊ ရှိရင် ကျွန်မကိုရောင်းပါ။ မုန့်လင်မယားဖိုးနဲ့ နှိမ်ချင်နှိမ်လေ"

"ဘယ်လို အိမ်ကလူနဲ့သမီး ဟုတ်လား မကြီးရွှေ"

"ဟုတ်တယ်လေ။ ကျွန်မမှာ အပျိုဖော်ဝင်သမီးနဲ့ ယောကျ်ားရှိတယ်လေ"

"ဒါဆို ယောကျ်ားကကော ဘာလုပ်လဲ"

"ဘာမှ မလုပ်ဘူး"

"ဘယ်လို မကြီးရွှေ"

"အစကတော့ ပန်းရံလုပ်တယ်၊ သူက နေမကောင်းဘူး အသည်းရောင်နေတာလေ။ သူက အရက်တအား သောက်တာကိုးရှင့်"

"ကလေးက ဘယ်နှယောက်ရှိတာလဲ"

"ရှိတာပေါ့ ဒေါ်ဒေါ်ငိုးပုံ ငါးယောက်တောင်။ ကျွန်မတို့က လူသူဌေးတွေလေ"

"ဟားဟား မကြီးရွှေကတော့ ပြောတော့မယ်"

ကျွန်မ မကြီးရွှေစကားကို သဘောကျပြီး အားရပါးရရယ်နေမိလေသည်။ ထိုအခိုက် အမေသည် အိမ်ထဲက ကျွန်မကို လှမ်းအသံပြု၏။

"ဟဲ့ ဒေါ်ငိုးပုံ၊ ညည်းဘာတွေ လေရှည်နေတာတုံး။ ကြီးရွှေကို ညည်းယောကျ်ားပုဆိုးတွေ၊ ညည်းသမီးထဘီတွေ ပေးလိုက်ပါလား။ ညည်းမှာ ဘယ်သူမှမရှိတာ၊ သူ့လိုလူမျိုးတွေကို ပေးတာက တကယ့်ကုသိုလ်ထူးပါတယ်အေ"

ကျွန်မသည် အမေမပြောလည်း မကြီးရွှေသမီးအတွက် ထဘီပေးဖို့အစီအစဉ်ရှိပြီးသားမို့ အမေ့စကားအဆုံးတွင် အိမ်ထဲပြန်ဝင်ပြီး ကျွန်မသမီး ထဘီဟောင်းလေးနှစ်ထည်နှင့် ကျွန်မယောကျ်ား ပုဆိုးတစ်ထည်ထုတ်ယူလာကာ ပေးလိုက်လေသည်။ မကြီးရွှေမျက်နှာတစ်ခုလုံး ကြည်ရွှင်သွား၏။

"အမယ်လေး အလတ်ကြီးရှိသေးတယ်။ အိမ်ကလူလူထဲသူထဲ ဝတ်နိုင်တယ်။ မျက်နှာမငယ်ရတော့ဘူး ကျေးဇူးပဲ ဒေါ်ဒေါ်ငိုးပုံ"

မကြီးရွှေသည် ဝမ်းသာအားရနှင့် ထွက်သွားသောအခါ အမေသည် ဤသို့မှတ်ချက်ချလေ၏။

"တော်တော် ဆန်းတဲ့မိန်းမ"

"ဘာဖြစ်လို့လဲ အမေ"

"သူ့အဝတ်အစားတွေ ကြည့်ပါလား နွမ်းလှပြီလေ။ ဒါပေမဲ့ သူ့အတွက် ထဘီဟောင်းမဝယ်ဘူး။ သူ့ယောကျ်ား၊ သူ့သမီးအတွက်ချည်း ဝယ်နေတာ"

"အဲဒါ ဆန်းသလားအမေရဲ့။ ကျွန်မလဲ သမီးရှင်ပါ။ သူ့နေရာမှာ ကျွန်မဆိုလဲ ဒီလိုပဲလုပ်မှာပေါ့"

"ဆန်းပါကောလားအေ၊ မိန်းမဆိုတာလှချင်တာမျိုးချည်းပဲ။ အခုတော့ သူ လူကြားသူကြားထဲဝင်ဆံ့ဖို့ထက် သူ့သမီး၊ သူ့ယောကျ်ားလှဖို့ အဓိကကျနေတာလေ"

အမေ့စကားသည် အဓိပ္ပာယ်ပြည့်နှက်နေ၏။ မိန်းမဆိုသည်မှာ လှချင်သည်၊ ဝတ်ချင်သည်၊ သူဌေးကတော်ပဲဖြစ်စေ၊ မင်းသမီးပဲဖြစ်စေ၊ ပဲပြုတ်သည်ပဲဖြစ်စေ၊ မုန့်လင်မယားသည်ပဲဖြစ်စေ အလှကိုမြတ်နိုးတွယ်တာလှ၏။ ယခု မကြီးရွှေကသူ့အတွက်ထဘီအင်္ကျီမဝယ်၊ သူ့သမီး၊ သူ့ယောကျ်ား အတွက်သာ သတိတရဝယ်သည်။ ဒါတင်မကသေး ဝမ်းသာအားရပင် ပြောသွားသေး၏။

"သူ့သမီး၊ သူ့ယောကျ်ား လူထဲသူထဲ ဝတ်နိုင်လေပြီ"တဲ့။

စာမျက်နှာ ၂၅ သို့ ➤

# မိုးညှင်းမြို့နယ် လော့ဆွန်+မှန်ကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မိုးညှင်း မတ် ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လော့ဆွန်+မှန်ကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို မတ် ၂၀ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးလက်နေပြည်သူများဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လော့ဆွန်+မှန်ကင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**

---

➤ စာမျက်နှာ ၂၄ မှအဆက်

(၄)

နောက် တစ်လခန့်အကြာ၌ မကျီးရွှေသည် သုံးရက်ခန့်ပေါ်မလာ။ ဘာကြောင့်ရယ်မသိ၊ ချောင်းရေကြီး၍ မုန့်မရောင်းနိုင် ဆိုရအောင်လည်း မိုးရွာသည်လည်း မဟုတ်၊ ရာသီဥတုကလည်း ဆောင်းလေအေးအေးက တဖြူးဖြူးနှင့်သာယာနေသည်။ လေးရက်မြောက်နေ့မှ သူပြန်ပေါ်လာ၏။

"ဒီအိမ်က မုန့်လင်မယား၊ ခနိုရည်ချိုယူအုံးမလား"

မကျီးရွှေက သူအော်နေကျအတိုင်းအော်လာသည်။ သူအော်သံကြောင့် ကျွန်မလည်း ပိုက်ဆံကိုင်ပြီး ခြံဝသို့ထွက်လာလေ၏။

"လာပါအုံးမကျီးရွှေရဲ့။ ဒါနဲ့ ဘယ်ပျောက်နေတာလဲ၊ နေမကောင်းလို့လား"

"မပြောချင်ဘူး ဒေါ်ဒေါင်းပုံရယ်"

"ဘာဖြစ်တာတုံး"

"အိမ်ကလူနဲ့စကားများလို့"

"ဟင်"

"ဒီတစ်ခါတော့ ကျွန်မ သည်းမခံနိုင်တော့ဘူး။ ဘယ့်နှယ်ရှင် မိန်းမက လုပ်ကျွေးလာတာ ဘယ်နှနှစ်ရှိပြီလဲ၊ အလုပ်မလုပ်နိုင်လဲ ကောင်းကောင်းနေပါလား၊ ဟိုနေ့က သူ့ကို သင်္ချိုင်းကုန်းပို့မဲ့ သေရည်တွေသောက်လာပြီး ကျွန်မနဲ့စကားများတယ်လေ။ ကိုင်း မိန်းမထက် အရက်ချစ်တဲ့လူ နေရစ်ပေတော့လို့ထားခဲ့ပြီး ကျွန်မနဲ့ ကလေးတွေ ခြေဦးပေါက်ရာ ထွက်သွားလိုက်တာ"

"အဲဒီတော့ ဘယ်ရောက်သွားလဲ"

"အမေ့ရဲ့မွေးရပ်ဇာတိ ကျောက်ဖြူရွာကို ရောက်သွားတာပဲ"

"ဩော်. . . ဖြစ်မှဖြစ်ရလေ မကျီးရွှေရယ်"

"မိဘတွေထားနေတဲ့ကြားက သင်းကိုယူမိတာကိုက ကျွန်မအမှား"

မကျီးရွှေနှင့်အတူ ၁၃ နှစ်အရွယ် ကလေးမတစ်ယောက် ပါလာသည်။

"ဒါလေးက သမီးလေးလား"

"ဟုတ်တယ်၊ အရင်က အငယ်တွေ ထိန်းဖို့အိမ်မှာထားခဲ့ရတယ်၊ အခု အမေက အငယ်တွေကြည့်ပေးတော့ သူ့ကို ရောင်းတတ်၊ ဝယ်တတ် အောင်ခေါ်လာခဲ့တယ်"

"ဒါဆို မကျီးရွှေက အဝေးကြီးကနေ ဒီမှာလာရောင်းတာပေါ့။ ဒါနဲ့ ကျွန်မ သူ့ကို တွေ့ဖူးသလိုပဲ"

"တွေ့ဖူးမှာပေါ့၊ ဟိုတစ်ခါက သူတစ်ယောက်တည်း မုန့်ရောင်းလွှတ်လိုက်တာလေ။ အဲဒီတုန်းကလဲ အိမ်ကလူနဲ့ ပြဿနာဖြစ်လို့ ကျွန်မ ထွက်မရောင်းဖြစ်ခဲ့ဘူး။ ဒါနဲ့ပဲ ရချင်သလောက်သာရဆိုပြီး သမီးလေးကို လွှတ်လိုက်တာ"

ကျွန်မသည် သူတို့သားအမိကိုကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရ၏။ အိမ်ထောင်စုတစ်ခုပျက်သွားသည်ဆို၍လည်း စိတ်မကောင်း။ အသက် ၁၃ နှစ်အရွယ်လေးနှင့် ရောင်းတတ်၊ ဝယ်တတ်ရန် အမေနှင့် တကောက်ကောက်လိုက်နေရသော ကလေးမကိုကြည့်၍လည်း စိတ်မကောင်းဖြစ်နေမိသည်။ ကျွန်မမျက်လုံးထဲမှာ သူ့သမီးလေးကို ကျောင်းတက်၊ ပညာပဲ သင်ခိုင်းစေချင်မိသည်။ ဒါပေမဲ့ မတတ်နိုင်ပါ။ မကျီးရွှေလည်း သူ့သမီးကို ကျွန်မလိုပင် မြင်ချင်ရှာမည်ထင်သည်။ နောက်ရက်များတွင် မကျီးရွှေ လာလျှင် သူ့သမီးအသံ ချိုချိုလေးနှင့် အော်သံကိုကြားရလေသည်။

"ဒီအိမ်က မုန့်လင်မယား"

(၅)

နှစ်လခန့်အကြာတွင် မကျီးရွှေ၏ သမီးအသံ ချိုချိုလေးကို မကြားရတော့။ ကြားနေကျ မကျီးရွှေ၏ အသံကိုသာ ပြန်ကြားရသည်။ အမေက တော့ အိမ်ထဲကနေ ကျွန်မကိုမေးလေ၏။

"ကလေးမလေးမပါတော့ပါလား"

ဒေါင်းပုံအမေစကားကို မကျီးရွှေက ကြားပြီးဝင်ဖြေသည်။

"မပါတော့ဘူး အဘွားရေ။ အငယ်တွေပဲ ကြည့်ခိုင်းတော့တယ်"

"ကောင်းတာပေါ့ မကျီးရွှေရယ်၊ နို့မို့ ဈေးလျှောက်ရောင်းရတာ ကလေးညောင်းမှာ၊ ပြီးတော့ ငယ်ရှာပါသေးတယ်"

"အင်း ဟုတ်တယ်"

သည်လိုနှင့် တန်ဆောင်တိုင်နားကပ်လာသည်။ ကြဲကြဲဖန်ဖန် ကွဲကွာနေကြသော မကျီးရွှေတို့လင်မယားအကြောင်းတွေးပြီး မဆီမဆိုင် ကြားထဲက ကျွန်မစိတ်မကောင်းဖြစ်မိသည်။ တစ်မနက်မှာတော့ မကျီးရွှေသည် ကျွန်မအိမ်ကို ရောက်လာ၏။

"အားတော့နာတယ် ဒေါ်ဒေါင်းပုံရယ်။ ပူဆာရအုံးမယ်"

"ဘာလဲ မကျီးရွှေ"

"တန်ဆောင်တိုင်ဖြစ်တော့မှာ မဟုတ်လား။ ပွဲလေး၊ လမ်းလေးတွေက ရှိသေးတယ်လေ။ ဒီတော့ ပုဆိုးအဟောင်းတစ်ထည်လောက် ရှိသေးသလားလို့၊ ဒီတစ်ခါ အလကားမပေးပါနဲ့၊ ကျွန်မဝယ်ပါရစေ"

"ပုဆိုးက ဘယ်သူ့အတွက်လဲ မကျီးရွှေ"

"အို. . . ဒေါ်ဒေါင်းပုံကလဲ အိမ်ကလူအတွက်ပေါ့"

"အိမ်ကလူ ဟုတ်လား။ မကျီးရွှေတို့ ကွဲသွားကြပြီမဟုတ်လား"

"အစကတော့ ဟုတ်တယ်။ အခု ကျွန်မတို့ ပြန်ပေါင်းနေကြပြီ"

"ဩော် . . ."

"ဘယ့်နှယ်လုပ်မလဲ ဒေါ်ဒေါင်းပုံ၊ ကလေးကလဲ ငါးယောက်တောင် မိန်းမတွေချည်းပဲ။ သူကလဲ နောင်တရပြီတဲ့"

"ဒါနဲ့ပဲ မကျီးရွှေက ခွင့်လွှတ်လိုက်ကောလား"

"ဘယ့်နှယ်လုပ်မလဲ၊ သူ့ကိုကြည့်ရတာ ပိန်ချုံးလို့၊ လူရုပ်ကို မပေါ်တော့ဘူး၊ ပထမတော့ ပက်ခနဲ ပြောချလိုက်မလို့ပဲ"

"နောက်တော့ သနားသွားတယ်ပေါ့"

"အင်း အဲဒါလဲပါတယ်။ နောက်ပြီး သမီးမျက်နှာ ထောက်ထားမိတာလဲ ပါတာပေါ့"

"အေးပေါ့လေ သံယောဇဉ်တွေကလဲရှိတော့"

"ဒါတင်မကပါဘူး ဒေါ်ဒေါင်းပုံရယ်။ လူတွေက လင်ရှိရင်တစ်မျိုး၊ မရှိရင်တစ်မျိုး ကြည့်ကြတာလေ၊ မုဆိုးမအစစ်သာဖြစ်ရင် မပြောနဲ့၊ လင်နဲ့ ခဏကွဲနေတာတောင် ဒေါ်ဒေါင်းပုံရေ ယောကျာ်းတွေ ကြည့်ပုံရှုပုံက ရိသဲ့သဲ့လာလုပ်သူကလဲ မရှားဘူးရှင့်"

"အဲဒါတော့ ကျွန်မသိပါတယ် မကျီးရွှေ။ ကျွန်မကိုယ်တိုင် လင်သေတဲ့ မုဆိုးမဆိုတော့ အဲဒါတွေကိုယ်ချင်းစာပါတယ်။ ခဏနေဉ်"

ကျွန်မသည် အိမ်ထဲသို့ဝင်ပြီး ကျွန်မယောကျာ်းရှိစဉ်က သိမ်းထားခဲ့သော ပုဆိုးအသစ်၊ အင်္ကျီအသစ်ကိုထုတ်ယူလာခဲ့သည်။ ဒို့ပြင် ကျွန်မသမီး အင်္ကျီအသစ်ကလေးများပါ ယူထုတ်လာခဲ့၏။

"ရော့ အဲဒါတွေက ကျွန်မယောကျာ်းရှိစဉ်က ဝယ်ထားတဲ့ အသစ်စက်စက်တွေပါ။ ဒါက သမီးလေးအတွက်၊ ဟို ဒါက မကျီးရွှေအတွက် ကျွန်မအဝတ်အစားအသစ်တွေပါ"

"အားနာလိုက်တာ ဒေါ်ဒေါင်းပုံရယ်။ ကျေးဇူးလဲတင်ပါတယ်။ ကျွန်မဘဝမှာ အဝတ်အစားအသစ်ဆိုလို့ အခုမှပဲ တွေ့ဖူးတော့တယ် ဒေါ်ဒေါင်းပုံ။ ဒီနှစ်တန်ဆောင်တိုင်ဘုရားပွဲကို ကျွန်မတို့မိသားစု လှလှပပလေးဝတ်ပြီး ပွဲလည်ရတော့မယ်"

မကျီးရွှေသည် ထိုသို့ပြောပြီး ကြည်လင်ရွှင်ပျစွာ ထွက်သွားလေ၏။ မကျီးရွှေကိုကြည့်ပြီး ကျွန်မသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သော ကျွန်မယောကျာ်းနှင့်သမီးကို လွမ်းဆွတ်မိလေသည်။

---

## ရေ

\- သက်ရှိခန္ဓာ
ရေများစွာ
ဖွဲ့ကာတည်ထား ပွားသလေ့။

\- သက်ရှိကိုယ်တွင်း
ရေစီးဆင်း
မယွင်းလည်ပတ် ထပ်သလေ့။

\- သက်ရှိဝန်းကျင်
ရေသာလျှင်
အစဉ်တည်ဆဲ မြဲသလေ့။

\- ရေရှိမှလျှင်
အသက်ရှင်
စွဲထင်သိမှတ် မြတ်သလေ့။

\- ရေသန့်ရှင်းမှ
ကျန်းမာရ
ဘဝရှင်သန် မှန်သလေ့။

\- ရေ၏ကျေးဇူး
အထူးထူး
ကူးလူးယှက်သွယ် နွယ်သလေ့။

\- ရေ၏အရေး
အစဉ်တွေး
အလေးထားရန် ကြံသလေ့။

\- အားလုံးရွက်ဆောင်
ရေကျိုးအောင်
ရစ်နှောင်ကြိုးပမ်း ထမ်းမယ်လေ့။ ။

**သွဲ့.လှဲ့.ညို**

---

# ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေတာရှည် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ကြို့ပင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက ကြို့ပင်သာကျေးရွာ၌ အိမ်တိုင်ရာရောက်ရေသွယ်စနစ်တပ်ဆင်ခြင်း၊ ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်းအသုံးပြုပြီး အရှည်ပေ ၂၂၀၀ ကျေးရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေမီတာ ၁၃၂ လုံးတပ်ဆင်ခြင်းလုပ်ငန်းတို့ကို မင်္ဂလာရွှေသွန်းကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၀ ရက်က လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောပြ၍ သိရသည်။

**ကိုညို**

# မေတ္တာဖြင့် ပေးကမ်းခြင်းနှင့် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ

စိန်လှိုင်ဝိုင်း

မြန်မာလူမျိုးတို့၏ လူမှုပတ်ဝန်းကျင်တွင် မိဘက သားသမီးကိုဖြစ်စေ၊ ညီအစ်ကိုမောင်နှမအချင်းချင်း ဖြစ်စေ၊ ဆွေမျိုးမတော်စပ်သူသို့ဖြစ်စေ ပစ္စည်းကို မေတ္တာဖြင့် အပိုင်ပေးကမ်းလေ့ရှိကြသည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် စာချုပ်မချုပ်ဆိုဘဲ ခပ်လွယ်လွယ်ပင် ပေးအပ်ခဲ့သည်များရှိတတ်သည်။ ဥပဒေအမြင်အရဆိုလျှင် ပစ္စည်းတစ်ခုကို မေတ္တာဖြင့်ပေးကမ်းလျှင် အရပ်ကတိစာချုပ်ဖြင့်ပင် ချုပ်ဆိုပေးကမ်း၍ တရားမဝင်ပါ။ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးပေးကမ်းမှသာလျှင် လက်ခံရရှိသူသည် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၂၃ နှင့်ပတ်သက်၍ ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ ရေးသားတင်ပြပါဦးမည်။

မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်းရှိ ဥယျာဉ်မြေနှင့်တိုက်ကို လက်ရောက်ရလိုကြောင်း ဒေါ်တုတ်က ၎င်း၏ ဖအေတူ၊ မအေကွဲ မောင်နှမများအပေါ် တရားစွဲဆိုသည်။ အထက်ဖော်ပြပါဥယျာဉ်မြေမှာ မူလက ဖခင်ဦးချင်းတောင်နှင့် မိခင် ဒေါ်သီတို့ပိုင်ဆိုင်ပြီး ဒေါ်သီ ကွယ်လွန်ပြီးနောက် ဖခင် ဦးချင်းတောင်သည် ဓနုဖြူမြို့နေ ဒေါ်စောခင်နှင့် နောက်အိမ်ထောင်ပြုသဖြင့် သားသမီးခြောက်ဦးထွန်းကားခဲ့ကြောင်း၊ ဖခင်မသေဆုံးမီ တစ်နှစ်ကျော်ခန့်က အချင်းဖြစ်ဥယျာဉ်မြေကို မိမိအား နှုတ်ဖြင့် လက်ရောက်အပိုင်ပေးခဲ့ကြောင်း၊ ထိုမြေပေါ်တွင် နှစ်ထပ်တိုက်တစ်လုံးကို မိမိပိုင်ငွေဖြင့် ဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ လုံခြုံမှုမရှိသဖြင့် မောင်ကျော်လှိုင်ဆိုသူအား တိုက်တွင် အစောင့်ထားကာ ဓနုဖြူမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ နယ်မြေအေးချမ်း၍ အခင်းဖြစ်တိုက်သို့ သွားရောက်ကြည့်ရှုရာ ညီမ မမြကြည်နှင့် မညွန့်ရည်တို့နေထိုင်လျက်ရှိကြောင်း၊ အခင်းဖြစ်တိုက်ကို လျှော်ခြင်းရန်ပြုလုပ်ရာ အမွေပုံပစ္စည်းဖြစ်သည်ဟု ကန့်ကွက်ခဲ့ကြသောကြောင့် မိမိတစ်ဦးတည်းပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ကြောင်း ကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ကျန်ဖအေတူ၊ မအေကွဲမောင်နှမများက အမွေပုံပစ္စည်းဖြစ်သည့်တိုက်တွင် အမွေစားအမွေခံအဖြစ်နေထိုင်ကြခြင်းသာဖြစ်ကြောင်း ထုချေခဲ့ကြသည်။

မအူပင်မြို့ ရာဘတ်ခရိုင်တရားမရုံး ၁၉၆၀ ပြည့်နှစ် တရားမကြီးမှုအမှတ် (၁) တွင် သက်သေများကို ကြားနာပြီးနောက် **"အခင်းဖြစ်ဥယျာဉ်မြေမှာ တန်ဖိုးငွေကျပ် ၅၀ သာရှိသဖြင့် နှုတ်ဖြင့်အပိုင်ပေးခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ-၅၄ အရ တရားဝင်ကြောင်း၊ အခင်းဖြစ်တိုက်ကို ဒေါ်တုတ်သည် ၎င်းပိုင်ငွေများဖြင့် ဆောက်လုပ်ခဲ့ခြင်းသာဖြစ်ကြောင်း"** ကောက်ယူကာ ဒေါ်တုတ်၏အမှုကို တရားစရိတ်နှင့်တကွ ဒီကရီပေးလိုက်သည်။ ထိုဒီကရီကို မကျေနပ်သဖြင့် ဖအေတူ၊ မအေကွဲမောင်နှမများဖြစ်သည့် အယူခံတရားလိုတို့က တင်သွင်းလာသော အယူခံမှုဖြစ်သည်။

**နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး ဦးသက်ဖေ၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အခင်းဖြစ်ဥယျာဉ်မြေသည် တန်ဖိုးငွေကျပ် ၅၀ သာရှိသဖြင့် နှုတ်ဖြင့်အပိုင်ပေးခဲ့စေကာမူ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ-၅၄ အရ တရားဝင်သည်ဆိုသော အောက်ရုံး၏အဆုံးအဖြတ်မှာ အလွန်ပင်အံ့သြဖွယ်ကောင်းကြောင်း၊ အောက်ရုံးတရားသူကြီးသည် ရာဘတ်ခရိုင်တရားမတရားသူကြီးဖြစ်ရာ သာ၍ပင်အံ့သြဖွယ်ကောင်းသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ-၅၄ မှာ အရောင်းအဝယ်ကိစ္စနှင့်သာ သက်ဆိုင်သည်။ မေတ္တာနှင့်အပိုင်ပေးကမ်းခြင်းမှာ ပစ္စည်းတန်ဖိုးမည်မျှရှိစေကာမူ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၂၃ အရ မှတ်ပုံတင်စာချုပ်ပြုလုပ်မှသာ တရားဝင်သည်ဆိုခြင်းကို သတိပြုမိဟန်မတူကြောင်း တရားရုံးချုပ်တရားသူကြီးက စိစစ်သုံးသပ်ခဲ့သည်။

ဒေါ်တုတ်သည် အချင်းဖြစ်ဥယျာဉ်မြေ၏ အခွန်ပြေစာကို ၎င်းနှင့်အခြားအမွေဆိုင်တို့၏ အမည်များဖြင့်ပင် ပြောင်းလဲပေးရန် လျှောက်ထားခဲ့ကြောင်း ဝန်ခံထားသဖြင့် ဖခင် ဦးချင်းတောင်က အပိုင်ပေးခဲ့သည်ဆိုသော တင်ပြချက်မှာ ယုတ္တိကင်းမဲ့နေကြောင်း၊ ဒေါ်တုတ်သည် အချင်းဖြစ်ဥယျာဉ်မြေပေါ်၌ တိုက်ဆောက်လုပ်ပြီးသောအခါ အမွေဆိုင်တစ်ဦးဖြစ်သူ မညွန့်ရည်နှင့်အတူ နေထိုင်ခဲ့သဖြင့် ဒေါ်တုတ်၏ လက်ရှိနေထိုင်မှုမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်လျက်ရှိသည်ဟုဆိုရန်ခဲယဉ်းကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ အခင်းဖြစ်ဥယျာဉ်မြေကို ဖခင် ဦးချင်းတောင်က အပိုင်ပေးခဲ့သည်ဆိုသော ဒေါ်တုတ်၏ တင်ပြချက်မှာ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ-၁၂၃ အရ မှတ်ပုံတင်စာချုပ်မရှိသည်က တစ်ကြောင်း၊ ဒေါ်တုတ်၏ လက်ရှိနေထိုင်မှုမှာ ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက်ရှိသည်ဟု မဆိုနိုင်သည်ကတစ်ကြောင်း ထိုအကြောင်းများကြောင့် ဒေါ်တုတ်၏လျှောက်ထားချက်ကို တရားရုံးချုပ်က လက်မခံခဲ့ပါ။ ဒေါ်တုတ်ကိုယ်တိုင်ကလည်း ဖအေတူ မအေကွဲညီမများနှင့် အခြားအမွေဆိုင်တို့အား အမွေပုံပစ္စည်းများကို မခွဲဝေပေးရသေးကြောင်း ဝန်ခံထားသည့်အပြင် အစ်မကြီးအမိရာဆိုသကဲ့သို့ ဒေါ်တုတ်ကိုပင် အားကိုးအားထားပြုလျက် ဥမကွဲသိုက်မပျက်နေထိုင်ခဲ့ကြကြောင်း၊ ဒေါ်တုတ်သည် အသက် ၇၀ ကျော်မှ ဦးထွန်းတင်နှင့် နောက်အိမ်ထောင်ပြုသည့်အတွက် စိတ်ဝမ်းကွဲပြားကာ အမွေခွဲဝေပေးရန်တောင်းဆိုခဲ့ကြောင်း၊ သက်သေထွက်ဆိုချက်များကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။ ဒေါ်တုတ်သည် အခင်းဖြစ်တိုက်ကို မိမိ၏ငွေကြေးဖြင့် ဆောက်လုပ်ခဲ့ကြောင်း ထင်ရှားအောင်ပြသရန် သာ၍တာဝန်ရှိနေသည်ဟု ရုံးတော်က သုံးသပ်ခဲ့သည်။

ဒေါ်တုတ်မှာ ချစ်တီးလူမျိုး ဆာမိဆိုသူ၏ ဇနီးဖြစ်ဖူးပြီး ဆာမိသေဆုံးပြီးနောက် ကိုယ်ပိုင်လယ်ယာများ ပိုင်ဆိုင်ခဲ့သည်သာမက ငွေတိုးလည်းချေးသူတစ်ယောက်ဖြစ်၍ အခင်းဖြစ်တိုက်ကို ကိုယ်ပိုင်ငွေဖြင့်ဆောက်မည်ဆိုက ဆောက်နိုင်ရန်အင်အားရှိသည်မှာမှန်ကြောင်း၊ သို့ရာတွင် ဒေါ်တုတ်သည် ချစ်တီးဇနီးလည်းဖြစ်ဖူးသည့်အပြင် ငွေတိုးချေးစားသူတစ်ဦးလည်းဖြစ်သည့်အလျောက် အလုပ်လုပ်ကိုင်ရာ၌ သေချာစေ့စပ်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ စာရင်းအင်းစာအုပ်များကို အောက်ရုံး၌ တင်ပြခဲ့သည်။ ထိုစာရင်းအင်းများတွင် အခင်းဖြစ်ပွားသည့်တိုက်ဆောက်လုပ်သည့် စာရင်းအင်းများကိုသော်လည်းကောင်း၊ တိုက်ဆောက်လုပ်ရာတွင် ကုန်ကျသောငွေများမှာ မိမိပိုင်ငွေဖြစ်သည်ဆိုသော အထောက်အထားကိုသော်လည်းကောင်း တင်ပြနိုင်ခဲ့ခြင်းမရှိရာ အခင်းဖြစ်တိုက်ကို အမွေဆိုင်ငွေနှင့် ဆောက်လုပ်ခြင်းမဟုတ်ဟု တထစ်ချယူဆရန်မဖြစ်နိုင်ကြောင်း ရုံးတော်က စိစစ်ဆင်ခြင်သုံးသပ်ခဲ့သည်။

အောက်ရုံးတရားသူကြီးက အခင်းဖြစ်တိုက်အနီးတွင် အမွေပုံအိမ်တစ်ဆောင်ရှိရာ ထိုအိမ်ကို အယူခံတရားလိုတို့က ရောင်းချစဉ် ဒေါ်တုတ်အား အမွေဆိုင်တစ်ဦးဖြစ်သော်လည်း ဦးစွာဝယ်ယူခွင့်မပေးသဖြင့် အခင်းဖြစ်တိုက်ကို ဒေါ်တုတ်သည် မိမိ၏ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်သည်ဟု ယူဆခဲ့သည်။ ထိုယူဆချက်ကို တရားသူကြီး ဦးသက်ဖေက လုံးဝနားမလည်နိုင်ကြောင်း၊ အမွေပုံအိမ်ဆိုသည်မှာ ဦးချင်းတောင်မသေမီက နေထိုင်သောအိမ်ဖြစ်ကြောင်း၊ အခင်းဖြစ်တိုက်ကိုဆောက်ပြီးနောက် ဒေါ်တုတ်အပါအဝင် အမွေဆိုင်အားလုံး၏ သဘောတူညီချက်အရ ရောင်းချပြီး ရောင်းရငွေကို ဒေါ်တုတ်အပါအဝင် အမွေဆိုင်အားလုံးက ဝေယူကြသည်ဟု ဝန်ခံထားရာ ထိုအချက်သည် အခင်းဖြစ်တိုက်အား ဒေါ်တုတ်၏ငွေနှင့် ဆောက်၊ မဆောက်ဆိုသော ပြဿနာနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း မူလရုံးတရားသူကြီး၏ ဆန်းစစ်ချက်အပေါ် ဝေဖန်သုံးသပ်ခဲ့သည်။

အထက်ပါအကြောင်းအရာများကို ပေါင်းစပ်ကြည့်ရှုလျှင် အခင်းဖြစ်တိုက်သည် ဒေါ်တုတ်၏ ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်ခဲ့သည်ဆိုခြင်းမှာ ထင်ရှားသည်ဟု မဆိုနိုင်ကြောင်း၊ သို့ပါ၍ အောက်ရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး မူလတရားလို ဒေါ်တုတ်စွဲဆိုသောအမှုကို တရားစရိတ်များနှင့်တကွ ပလပ်ခဲ့သည်။ အဓိကအားဖြင့် မေတ္တာနှင့် အပြီးအပိုင်ပေးကမ်းခြင်းမှာ ပစ္စည်းတန်ဖိုးမည်မျှရှိစေကာမူ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၂၃ အရ မှတ်ပုံတင်စာချုပ်အရ ပြုလုပ်မှသာ တရားဝင်ကြောင်းနှင့် ထိုမြေပေါ်တွင် ဒေါ်တုတ်၏ လက်ရှိနေထိုင်မှုမှာ ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက်ရှိသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ စီရင်ဆုံးဖြတ်ခဲ့ကြောင်း ဦးအောင်ထွန်းပါ ခြောက်ဦးနှင့် ဦးထွန်းတင် (ကွယ်လွန်သူ ဒေါ်တုတ်၏ အမွေဆက်ခံသူ) ၁၉၆၃ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၂၀ ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။



# ရှောင်မြို့နယ် ဆတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရှောင် မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆတ်ခြံကျေးရွာအုပ်စု ဆတ်ခြံကျေးရွာ၌ ကျေးရွာတွင်း မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆတ်ခြံကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း အရှည်ပေ ၁၅၀၀ မီးကြိုးသွယ်တန်းခြင်း၊ ကွန်ကရစ်တိုင် ၁၀ တိုင် စိုက်ထူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများကို တန်ဖိုးထားတတ်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆတ်ခြံကျေးရွာ၌ အဆိုပါ ကျေးရွာတွင်း မီးလင်းရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၇၈ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဆတ်ခြံကျေးရွာရှိ အိမ်ခြေ ၁၂၂ အိမ်၊ လူ ၅၃၄ ဦးတို့ လျှပ်စစ်မီးအသုံးပြုနိုင်ပြီဖြစ်ကြောင်း ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောပြ၍ သိရသည်။



**ရိုးသန်းညွန့်**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ မြိတ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၂၄ သန်းဖိုး ဆောင်ရွက်ထား



**နေပြည်တော် မတ် ၂၁**

ယခုဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ မြန်မာ-ထိုင်းနယ်စပ် မြိတ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၂၄ သန်းဖိုး ဆောင်ရွက်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအုန်းကပြောပြ၍ သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ မြိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၁၄ သန်းတင်ပို့နိုင်ခဲ့ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၂၄ သန်းဖိုး ဆောင်ရွက်ထားကြောင်းသိရသည်။

"မြိတ်ကုန်သွယ်ရေးစခန်းအနေနဲ့ အခုဘဏ္ဍာနှစ်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၀ လောက်နဲ့ သွင်းကုန် အမေရိကန်ဒေါ်လာသန်း ၉၀ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၄၀ လောက်ရရှိဖို့ စီမံချက်ရေးဆွဲ လျာထားဆောင်ရွက်ခဲ့တာ အခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်ထိ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၂၄ သန်းဖိုး ရောက်ရှိခဲ့ပြီဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအုန်းကပြောပြသည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးအသားလွှာ၊ ငါးမှုန့်၊ မုတ်ခွံ၊ လယ်ယာထွက်ကုန်ပစ္စည်းများ အနေဖြင့် ကြက်သွန်နီ၊ ရော်ဘာ စသည်တို့ကိုတင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံမှ စက်သုံးဆီ၊ ဆောက်လုပ်ရေးနှင့်စက်မှု၊ မွေးမြူရေးလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို အဓိက တင်သွင်းနေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ် ကုန်သွယ်ရေးစခန်း၊ မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း စုစုပေါင်း ကုန်သွယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ASH

# မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မအူပင် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် လယ်ကိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက လယ်ကိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင်ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လယ်ကိုင်းကျေးရွာ၌ အရှည်ပေ ၇၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ကို အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာ ထံမှ သိရသည်။

**မောင်ရိုင်**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ရေနံထွက်ပစ္စည်း ကန်ဒေါ်လာ ၅၁၁ ဒသမ ဝ၃၁ သန်းဖိုး တင်သွင်းခဲ့

**နေပြည်တော် မတ် ၂၁**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ပြည်ပမှ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ဝ၃၁ သန်းဖိုး တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအုပ်စု၊ လူသုံးကုန်ပစ္စည်းများအုပ်စုနှင့် CMP ကုန်ပစ္စည်းများအုပ်စု အုပ်စုလေးခုခွဲခြားတင်သွင်းနေခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်သွင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအုပ်စုနှင့် လူသုံးကုန်ပစ္စည်းများ အုပ်စုကို နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍတို့က တင်သွင်းနေခြင်းဖြစ်ပြီး CMP ကုန်ပစ္စည်းများ အုပ်စုကို တင်သွင်းရာတွင် ပုဂ္ဂလိက ကဏ္ဍတစ်ခုတည်းက တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဖေဖော်ဝါရီလထိ အဆိုပါ သွင်းကုန်အုပ်စုများတွင် ပါဝင်သည့်သွင်းကုန်များမှ ရေနံထွက်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ချည်ထည်များ၊ စားအုန်းဆီ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ဓာတုပစ္စည်းများဟူသည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးကို တင်သွင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးတွင် ရေနံထွက်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ဝ၃၁ သန်းဖြင့် အများဆုံးတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL

# တောင်ကြီးမြို့နယ် ဖက်ပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို မတ် ၂၀ ရက်နံနက်ပိုင်းက မင်္ဂလာကျေးရွာအုပ်စု ဖက်ပုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဖက်ပုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖက်ပုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# စလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း မတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် စလင်းမြို့နယ် ပေါက်ခြုံကျေးရွာနှင့် ကဒါန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်၊ ခရိုင်နှင့်မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ပေါက်ခြုံကျေးရွာနှင့် ကဒါန်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

စလင်းမြို့နယ် ပေါက်ခြုံကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို တော်ဝင်ထွန်းကုမ္ပဏီက ဆောင်ရွက်ပြီး ကဒါန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို Magway S3 ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း ထံမှ သိရသည်။

**ခင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တန်ဖိုးကြီးမားသော ရေသယံဇာတကို ချွေတာထိန်းသိမ်းကြပါစို့

ကိုကျော်စွာ (ကျိုက်ပိ)

နေ့စဉ်လူနေမှုဘဝတွင် ရေသည် အဓိကလိုအပ်သောအရာတစ်ခုဖြစ်ပြီး ရှားပါးလာသည့် အဖိုးတန်သောသယံဇာတလည်းဖြစ်သည်။

**ကမ္ဘာမြေကြီးနှင့်ရေ**

လူတို့နေထိုင်ရာ ကမ္ဘာကြီးကို ရေထု၊ လေထု၊ မြေထုဟူသော အလွှာထုကြီးသုံးခုဖြင့် တည်ဆောက်ထားသည်။ မြေလွှာထုကို ရေလွှာထုက ပင့်တင်ထားသည်။ ထိုမြေထုနှင့်ရေထုကို လေထုက ပြန်လည်ပင့်တင်ပေးထားသည်။ ထိုအလွှာကြီးသုံးခုအနက် ရေထုကပိုများပြီး ကမ္ဘာကြီး၏လေးပုံသုံးပုံခန့်ရှိသည်။ ကမ္ဘာ့မြေပုံကိုကြည့်လျှင်လည်း မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်သမုဒ္ဒရာများဖြင့်သာ ပြည့်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်အားလုံးတွင် ၇၁ ရာခိုင်နှုန်းမှာ ရေများဖြင့်ပြည့်နေသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှသောရေများတွင် အမျိုးအစားအားဖြင့် ရေချိုနှင့်ရေငန်ဟူ၍ နှစ်မျိုးရှိသည်။ ကမ္ဘာ့ရေထုအားလုံး၏ ၉၇ ရာခိုင်နှုန်းခန့်သည် ပင်လယ်သမုဒ္ဒရာများနှင့် ဆားငန်ရေများဖြစ်ပြီး သုံးရာခိုင်နှုန်းမှာ ရေချိုပမာဏဖြစ်သည်။ ထိုသုံးရာခိုင်နှုန်းမှာလည်း ရေခဲတောင်၊ ရေခဲမြစ်နှင့် မြေအောက်ရေသည် ၂ ဒသမ ၉၉၇ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ အမှန်တကယ် သုံးစွဲနိုင်သောရေမှာ သုည ဒသမ ၀၀၃ ရာခိုင်နှုန်းသာဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးအနေဖြင့်ဆိုလျှင် ရေချိုသုံးစွဲရမှုပမာဏသည် အလွန်နည်းပါးလှပေသည်။ ထို့ကြောင့် ရေသည် ကမ္ဘာပေါ်ရှိသယံဇာတများအနက် အဖိုးတန်ဆုံးသောသယံဇာတဖြစ်သည်။

**သက်ရှိတို့နှင့်ရေ**

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ ရေသုံးစွဲမှုသည်လည်း များပြားလာသည်။ ရေသည် သက်ရှိတို့အတွက် မရှိမဖြစ်သောသယံဇာတတစ်မျိုးလည်းဖြစ်ပေသည်။ ရေမရှိလျှင် လူသားအပါအဝင် အပင်နှင့်အခြားသောသက်ရှိများရပ်တည်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ရေသည် "ဇီဝထု၏ အသက်သွေးကြော Bloodstream of biosphere" ဟု တင်စားခေါ်ဝေါ်ကြသည်။ လူသားတို့အပါအဝင် အပင်၊ တိရစ္ဆာန်နှင့် အင်းဆက်ပိုးများလည်း ပါဝင်သည်။ "ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်" ဟု ဆိုစကားရှိသည်။ လူတစ်ဦး၏ ခန္ဓာကိုယ်အတွင်း၌ ၇၀ ရာခိုင်နှုန်းသည် ရေများသာဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေပမာဏ ၅ ရာခိုင်နှုန်းလျော့နည်းပါက ရေငတ်ဝေဒနာကိုခံစားကြရပေမည်။ ထိုထက်ပို၍ ၁၀ ရာခိုင်နှုန်း လျော့နည်းပါက သေဆုံးသည်ထိဖြစ်နိုင်ကြောင်း လေ့လာမှတ်သားရသည်။ လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ရေ ၁ ဒသမ ၅ လီတာခန့် အနည်းဆုံး သောက်သုံးရန် လိုအပ်သည်။ ထို့ကြောင့် ရေသည် သက်ရှိတို့အတွက် မဖြစ်မနေလိုအပ်သည်။

ရေကိုလူသားတို့ပင် အလိုရှိသည်မဟုတ်ပေ။ သစ်တောသစ်ပင်များသည်လည်း ရေကိုအမှီပြုရှင်သန်နေကြရသည်။ ထို့ကြောင့် ရေမရှိလျှင် သက်ရှိအားလုံး အသက်ရှင်သန်နိုင်တော့မည်မဟုတ်ပေ။ ရေချိုကိုလည်း သန့်ရှင်းသောရေနှင့် မသန့်ရှင်းသောရေဟူ၍ ခွဲခြားထားသည်။ ယနေ့ကမ္ဘာ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ သန့်ရှင်းသောရေဖြစ်ကြောင်း ပညာရှင်များ သတိပေးထားသည်။ သက္ကရာဇ် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ ကျော် ရှိလာနိုင်သည်ဟု ခန့်မှန်းကြရာ ယခုလက်ရှိ ရေချိုပမာဏအတိုင်းဆိုလျှင် ရေရှားပါးမှုဒဏ်ကို ခံရနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် ရေကိုချွေတာသုံးစွဲရန်လိုသည်။

> ❖ ရေသည် ကမ္ဘာ့သယံဇာတများအနက် အဖိုးတန်ဆုံးသောသယံဇာတတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူနှင့်အခြားသောသက်ရှိတို့ အသက်ရှင်မှုကို အထောက်အကူပြုခြင်း၊ စက်မှုလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံစေရန်အတွက် အထောက်အကူဖြစ်စေခြင်းတို့ကြောင့်ဖြစ်သည်။ ရေသည် အဘက်ဘက်မှ လိုအပ်သည်မှန်သော်လည်း လူတို့သုံးစွဲနိုင်သောပမာဏသည် လွန်စွာနည်းပါးလှသည်။ ထိုသို့နည်းပါးလှသည့် ရေချိုပမာဏမှာမှ သန့်ရှင်းသောရေသည် ပို၍နည်းပါးသည်။ ❖

**ရေချိုသုံးစွဲမှု**

ရေသည် ကမ္ဘာ့သယံဇာတများအနက် အဖိုးတန်ဆုံးသောသယံဇာတတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူနှင့်အခြားသောသက်ရှိတို့ အသက်ရှင်မှုကို အထောက်အကူပြုခြင်း၊ စက်မှုလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံစေရန်အတွက် အထောက်အကူဖြစ်စေခြင်းတို့ကြောင့်ဖြစ်သည်။ ရေသည် အဘက်ဘက်မှ လိုအပ်သည်မှန်သော်လည်း လူတို့သုံးစွဲနိုင်သောပမာဏသည် လွန်စွာနည်းပါးလှသည်။ ထိုသို့နည်းပါးလှသည့် ရေချိုပမာဏမှာမှ သန့်ရှင်းသောရေသည် ပို၍နည်းပါးသည်။ အချို့သောနိုင်ငံများတွင် အသုံးပြု၍ရသောရေကိုရရှိအောင် ခက်ခက်ခဲခဲပြုလုပ်ကြရသည်။ ရေရှားပါးသောနေရာများ၊ ရေကောင်းရေသန့်မရရှိသောနေရာများတွင် ရေကြည်ရေသန့်ရရှိစေရန် ကျောက်ချဉ် သို့မဟုတ် ဒန့်သလွန်သီးခြောက်အစေ့ကိုထောင်းပြီး အဝတ်ဖြင့်ထုပ်၍ အိုးအတွင်းသို့ထည့်ကာ ရှစ်နာရီခန့်ထားရသည်။ ထိုသို့ထားပြီး ရေကြည်လာမှ သောက်သုံးရေအဖြစ် အသုံးပြုကြရသည်။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ခန့်မှန်းချက်အရ ကမ္ဘာ့ရေချို၏ တစ်ရာခိုင်နှုန်းထက်နည်းသော သို့မဟုတ် ကမ္ဘာ့ရေထု၏ တစ်သိန်းပုံခုနစ်ပုံကိုသာ လူသားတို့သုံးစွဲနိုင်ကြောင်း ခန့်မှန်းကြသည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ရေသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ် တိုးတက်ခဲ့သည်ဟုဆိုသည်။ ဥပမာ-ကမ္ဘာပေါ်ရှိ ရေအားလုံးမှာ ၂၆ ဂါလန်သာရှိသည်ဆိုပါစို့ ၎င်း ၂၆ ဂါလန်တွင် ရေချိုမှာ သုည ဒသမ ၈ ဂါလန်သာပါရှိသည်။

ရေထုညစ်ညမ်းမှုသည် ရေသုံးစွဲမှုကိုလျော့နည်းစေသည့်အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ရေတွင်းပေါင်း ၁၈၀၀ ရှိသည့်အနက် ၁၂၀၀ ခန့်သာ သုံးစွဲနိုင်တော့သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဘုံပိုင်ရေ ၆၁ ရာခိုင်နှုန်းခန့်သာ သောက်သုံးကြရသည်။ မလေးရှားနိုင်ငံတွင်မူ ၁၉၉၈ အစီရင်ခံစာအရ မြစ်ဝှမ်းများ၏ ၂၅ ရာခိုင်နှုန်းကိုသာ သန့်စင်သောရေအဖြစ်အသုံးပြုကြရသည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်းမြစ် ၄၁၉ စင်းရှိရာ ၁၆၂ စင်းမှာ ရေထုညစ်ညမ်းလျက်ရှိသည်။ အင်ဒိုနီးရှားတွင်လည်း ဓာတ်သတ္တုသန့်စင်သောလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းကာ မြို့ပြရေပေးဝေမှုမှာ ၄၀ ရာခိုင်နှုန်းသာရှိပြီး ထိုရေသည်လည်း သန့်ရှင်းသောရေမဟုတ်ပေ။

ရေချိုသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ရေချို ၇၀ ရာခိုင်နှုန်း အသုံးပြုရသည်ဟုဆိုသည်။ လူသားတို့အနေဖြင့် သောက်သုံးခြင်းနှင့် အခြားသော အထွေထွေအသုံးပြုမှုအတွက် ၈ ရာခိုင်နှုန်း၊ ၂၂ ရာခိုင်နှုန်းကိုမူ စက်ရုံအလုပ်ရုံများအတွက် အသုံးပြုကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံ ၁၉၁ နိုင်ငံအနက် ၁၀နိုင်ငံသာ ကမ္ဘာ့ရေအရင်းအမြစ်၏ ၆၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံသည် အာရှတစ်ခွင်တွင် ရေသုံးစွဲမှု တတိယနေရာ၌ ရှိနေသည်။ သက္ကရာဇ် ၂၀၂၅ ခုနှစ်ခန့်တွင် ကမ္ဘာ့လူဦးရေ တစ်ဝက်ခန့်သည် ရေရှားပါးမှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံရနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က သတိပေးထားသည်။

**စိုက်ပျိုးရေးအတွက်ရေသုံးစွဲမှု**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်သည် အဓိကဖြစ်သည်။ ရေသည် ရတနာတစ်ပါးဟုပင်ဆိုသင့်ပါသည်။ ပုဂံခေတ်ကတည်းက စိုက်ပျိုးရေးအတွက် ဆည်ကြီးများ တည်ဆောက်ခဲ့ကြသည်။ ယခုထိလည်း တည်ဆောက်နေဆဲဖြစ်သည်။

အချို့သောဒေသများတွင် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများကို အားထားကြရသည်။ အချို့သောအပူပိုင်းဒေသများတွင် စိုက်ပျိုးရေးအတွက် မြေအောက်ရေကို အားကိုးအားထားပြုကြရသည်။ စိုက်ပျိုးရေးအတွက် မြေအောက်ရေမှ ၁၆ ရာခိုင်နှုန်းရရှိသည်။ အပူပိုင်းဒေသများတွင် ချောင်းဟောင်း၊ မြောင်းဟောင်း၊ သဲသောင်များကို လက်တူးတွင်း ပြုလုပ်ကာ နွေရာသီတွင် သီးနှံများစိုက်ပျိုးကြသည်။ အချို့သောဒေသများတွင် စက်ရေတွင်းများတူးဖော်၍ စိုက်ပျိုးရေကို ထုတ်ယူသုံးစွဲကြသည်။ ၁၉၅၂-၁၉၅၃ ဘဏ္ဍာနှစ်မှ ၂၀၁၆ ခုနှစ်ထိ စက်ရေတွင်းပေါင်း ၂၅၀၀၀ ကျော်ဖြင့် စိုက်ပျိုးမြေဧကပေါင်း ၂၅၄၂၂၈၄ ဧကကို မြေအောက်ရေဖြင့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေလျှံတွင်းပေါင်း ၅၉၆ တွင်းဖြင့် စိုက်ဧက ၃၄၀၀ ရေပေးနိုင်ပြီး မန္တလေးတိုင်း ဒေသကြီးတွင် ၄၆၅ တွင်းဖြင့် စိုက်ဧက ၇၅၀၀ ကို ရေပေးဝေနိုင်သည်။

**စက်မှုလုပ်ငန်းများနှင့်ရေ**

ရေသည် သက်ရှိများအတွက်သာမက စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက်လည်း မရှိမဖြစ်လိုအပ်သည်။ စွမ်းအင်ထုတ်စက်ရုံများ၊ စက်မှုလုပ်ငန်းများနှင့် ထိုစက်ရုံအလုပ်ရုံများမှ စွန့်ပစ်သောအညစ်အကြေးများ သန့်ရှင်းရန်အတွက် ရေ ၂၅ ရာခိုင်နှုန်းကို အသုံးပြုရသည်။ ဥပမာ-မော်တော်ယာဉ်တစ်စီးကိုထုတ်လုပ်ရန် ရေဂါလန် ၁၀၀၀၀၀ ကုန်သည်။ ထို့ပြင် စက္ကူ ၂ ဒသမ ၂ ပေါင် ထုတ်လုပ်နိုင်ရန်အတွက် ရေ ၂၆ ဂါလန်ကုန်သည်။ အလူမီနီယံနှစ်ပေါင်ထုတ်လုပ်ရန် ရေဂါလန် ၂၀၀၀ ခန့်ကုန်နိုင်သည်။ ထို့ပြင် သတ္တဝါတစ်ကောင်ထံမှ အသားတစ်ပေါင်ရတိုင်း နေ့စဉ်ရေဂါလန် ၂၃၀၀ သုံးစွဲရပြီး ဟင်းသီးဟင်းရွက်အတွက် နေ့စဉ်ရေဂါလန် ၂၀၀ သုံးစွဲရသည်ဟု ဆိုသည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးအတွက် ထွန်စက်များကို မောင်းနှင်ထွန်ယက်ရာတွင်လည်း ရေကို အသုံးပြုရသည်။

နိဂုံးချုပ်အနေဖြင့် ရေသည် ဘက်စုံအသုံးပြုရသော အဖိုးတန် သဘာဝသယံဇာတဖြစ်သည်။ လူတို့ နေ့စဉ်ရေကိုစည်းကမ်းမဲ့ သုံးစွဲခြင်းကြောင့်လည်းကောင်း၊ စက်ရုံအလုပ်ရုံများက သုံးစွဲပြီး ပြန်လည်စွန့်ပစ်သော ညစ်ညမ်းရေများကြောင့်လည်းကောင်း တစ်ဖန်ပြန်၍ ရေထုကိုညစ်ညမ်းစေပြန်သည်။ ထို့ကြောင့် နောင်အနာဂတ်တွင် ရေရှားပါးမှုပြဿနာကို မလွဲမသွေ ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် ရေကိုချွေတာသုံးစွဲသင့်သလို ရေထုညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်၍ ရေချိုကို တန်ဖိုးရှိစွာ စနစ်တကျသုံးစွဲကြရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ကျွန်ုပ်တို့အတွက် လေနှင့်ရေ (ဒေါက်တာအာလော)
- သဘာဝပတ်ဝန်းကျင် အစဉ်ကောင်းစေဖို့ (စာဏီဟိန်း-သီပေါ)

# ကံမမြို့နယ် မြဝတီကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ကံမ မတ် ၂၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မြဝတီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြဝတီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည် ပေ ၆၇၀၀ သွယ်တန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ရေးထိန်းသိမ်းကြရန် မှာကြားသည်။

ကံမမြို့နယ် မြဝတီကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၀ ဒသမ ၇၈ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၅၆ ဒသမ ၀၂ သန်းဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းအရှည် ပေ ၆၇၀၀ သွယ်တန်းခြင်းကို ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၂၁၆ အိမ်၊ လူ ၉၂၅ ဦးအတွက် လျှပ်စစ်ဓာတ်အားရရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည့်အပြင် တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းသိရသည်။

**အထွေး**










## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့ စက်မှု(၂)၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးအောင်ဇော်(ဘ) ဦးလှသော် သည် Daw Ranee Devi (ဘ) U Rann Das (MDY(NW)01035) ထံမှ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ယ)ရပ်ကွက်၊ အကွက်အမှတ် (ဘ-၃)၊ ကွက်စိတ်(၇၀)ရှိ U Rann Das အမည်ဖြင့်ချထားသော စလစ်မြေကွက်၏ (၃၀×၄၅)ပေအကျယ်အဝန်းရှိ မြေကွက်အား အရောင်းအဝယ် စာချုပ်ပြုလုပ်ကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ U Rann Das အမည်ပေါက် စလစ်မူရင်းမှာ ယခုအခါ ဦးအောင်ဇော် လက်ဝယ်တွင် ပျောက်ဆုံးသွားခဲ့ကြောင်း U Rann Das နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်(ဘ)ဦးလှသော်**

**၉/မနမ(နိုင်)၀၀၅၂၅၂**

## ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးနိုင်အောင်ဌေး(ဘ)ဦးတင်ဌေး (၉/မရတ(နိုင်)၀၁၁၃၀၃)ပိုင် ဆိုင်ကယ်အမှတ် ၅၃ယ/၅၈၃၇၉ ၏ ယာဉ်ပိုင်ဆိုင်မှုစာအုပ် အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးနိုင်အောင်ဌေး**

**၀၉-၈၉၉၉၉၀၆၁၉**

### ပျောက်ဆုံးကြောင်း

ကျိုက်လတ်မြို့နေ မဇင်မာဝင်း (ဘ) ဦးလှဖေအး (၁၄/ကလန(နိုင်)၁၉၈၈၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၁၇၅၃၇၃၅**

### ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ အောင်ဖိုးလ်ထွေး (ဘ) ဦးစိုးမြင့် (၁၄/ညတန(နိုင်)၂၂၅၈၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၅၄၃၆၁၇၇**

### ပျောက်ဆုံးကြောင်း

ဖျာပုံမြို့နေ ခန့်ဆန်းဝင်း (ဘ) ဦးဖဲအေး (၁၄/ဖပန(နိုင်)၂၀၃၈၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၈၃၂၁၉၉၇၄**

### ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ မျိုးလင်းထိုက် (ဘ) ဦးစန်းတင် (၁၄/သပန(နိုင်)၁၄၈၇၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၆၉၉၅၁၄၂၈**

### ပျောက်ဆုံးကြောင်း

အဘ ဦးကျော်ကျော်၏သား သီဟနိုင် ၁၃/လရန(နိုင်)၂၂၀၄၇၇ ၏ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၅၂၂၂၁၃၅၅**

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နေ မနွေးနွေးအောင် (ဘ) ဦးချိန်မှု (ခ) ဦးကြည်မောင် (၉/မကန(ပြု)၀၀၀၁၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၆၃၅၇၅၁**

### ပျောက်ဆုံးကြောင်း

ကြံခင်းမြို့နေ ထွန်းလွင်(ဘ)ဦးစိုးညွန့်(၁၄/ကခန(နိုင်)၀၉၉၅၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၇၅၆၉၆၄၆၈**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ ကွက်သစ်မောင်မောင် (ဘ) ဦးဟန်သိန်း (၉/မခန(နိုင်)၂၄၇၅၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၆၃၅၇၅၁**

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်နေ ဦးဟော်ကြားစိန် (ဘ) ဦးဟော်ရင်ဟွာ(၉/ခမစ(နိုင်)၀၄၇၀၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၆၁၁၅၂၄၃**

**မီး သတိပြု**

**ပလင်္ကါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

“အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၄၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည်ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး(၂/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်(၁/၂၀၂၃)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၂၁**

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



**ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

